# မြဝတီ နေ့စဉ်

မှန်ရမည် မြန်ရမည် ပြည်သူ့အတွက် မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၂၃၆)

၁၃၈၆ ခုနှစ်၊ နတ်တော်လဆန်း ၁၀ ရက်
၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ ၁၀ ရက်၊ အင်္ဂါနေ့


**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

သဒ္ဓါတရားလည်းရှိ သီလနှင့်လည်းပြည့်စုံ၊ အခြံအရံလည်းများ၊ စည်းစိမ်ဥစ္စာလည်း ရှိသောသူသည် သွားလေရာရာအရပ်ရပ်၌ အပူဇော်ခံရ၏။ ဓမ္မပဒ

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ၂၀၂၄ ခုနှစ်၊ ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်ဖွင့်ပွဲအခမ်းအနားကျင်းပ၊
# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်



**❑ ယခုကျင်းပသည့် အမျိုးသားအားကစားပွဲတော်ကြီးမှ နိုင်ငံတော်၏ဂုဏ်သိက္ခာနှင့် အမျိုးသားတို့၏မျိုးချစ်စိတ်ဓာတ်ထက်သန်မှု၊ တိုင်းချစ်ပြည်ချစ်စိတ်ရှိမှု၊ စည်းလုံးညီညွတ်မှု၊ အမျိုးသားရေးစိတ်နှင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်မှုများနှင့်အတူ တည်ငြိမ်အေးချမ်းမှုကို ဖော်ထုတ်ပြသနိုင်သည့် ပွဲတော်ကြီးပင်ဖြစ်. . .**

နေပြည်တော် ဒီဇင်ဘာ ၉

၂၀၂၄ ခုနှစ်၊ ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်ဖွင့်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်ဖွင့်လှစ်ပြီး ဂုဏ်ပြုအမှာစကားပြောကြားသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီးဒေါ်ကြူကြူလှ၊

**ကျောဖုံးသို့** ☆

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀၂၄ ခုနှစ်၊ ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်ဖွင့်ပွဲအခမ်းအနားတွင် အဖွင့်အမှာစကားပြောကြားစဉ်။



## အယ်ဒီတာ့အာဘော်

(၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ ၁၀ ရက်)

# ကြီးကျယ်ခမ်းနားဂုဏ်မြင့်မားတဲ့အမျိုးသားပွဲတော်

မြန်မာနိုင်ငံတွင် အမျိုးသားအဆင့်ကျင်းပသောပွဲတော်များအနက် အမျိုးသားအားကစားပွဲတော်သည်တစ်ခုပါဝင်သည်။ ယခုအခါ ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကို ဒီဇင်ဘာလ ၉ ရက်တွင် ကြီးကျယ်ခမ်းနားထည်ဝါစွာ စတင်ဖွင့်လှစ်ခဲ့ပြီဖြစ်သည်။ အမျိုးသားအားကစားပွဲတော်ဖြစ်သည်နှင့်အညီ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ လက်ရွေးစင်အားကစားသမားများ၊ ဝန်ကြီးဌာနများမှလက်ရွေးစင်အားကစားသမားများနှင့် မသန်စွမ်းအားကစားသမားများပါဝင်ယှဉ်ပြိုင်လျက်ရှိကြသည်။ နိုင်ငံတစ်နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေးနှင့်လူမှုရေးကဏ္ဍသုံးရပ်စလုံးတွင် အားကစားကဏ္ဍနှင့်ဆက်စပ်လျက်ရှိသည်။

အားကစားဆိုသည်မှာ နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုး၏ကျန်းမာကြံ့ခိုင်မှု၊ ဇွဲ၊ လုံ့လ၊ ဝီရိယကြီးမားမှုနှင့်စည်းလုံးညီညွတ်မှုတို့ကိုပေါ်လွင်စေနိုင်ပြီး အားကစားပြိုင်ပွဲများသည် တရားမျှတမှုရှိသည့်စွမ်းရည်ပြယှဉ်ပြိုင်မှုများဖြစ်သည်။ ထို့အတူ နိုင်ငံသူ၊ နိုင်ငံသားများ၏စိတ်နှလုံးကို ဆွဲဆောင်သိမ်းသွင်းနိုင်ပြီး နိုင်ငံသူ၊ နိုင်ငံသားတို့၏ဝမ်းမြောက်ပျော်ရွှင်မှုကိုလည်းပေးနိုင်သကဲ့သို့ စိတ်သောကကိုလည်းပေးနိုင်သည်။ မိမိတို့၏ ဒေသ၊ ဌာန၊ အဖွဲ့အစည်းကို ကိုယ်စားပြုယှဉ်ပြိုင်သည့် အားကစားသမားအားလုံးကို ပြိုင်ပွဲများအလိုက် အနိုင်ရစေချင်သည်မှာ နိုင်ငံတော်နှင့်ပြည်သူတို့၏ဆန္ဒဖြစ်သည်။

မြန်မာနိုင်ငံတွင် အမျိုးသားအားကစားပွဲတော်များကို ၁၉၉၂ ခုနှစ်မှစတင်ကျင်းပခဲ့သည်။ ပထမအကြိမ် အမျိုးသားအားကစားပွဲတော်ကို ရန်ကုန်မြို့တွင် ၁၉၉၂ ခုနှစ် မေလ ၃ ရက်မှ ၁၄ ရက်အထိလည်းကောင်း၊ ဒုတိယအကြိမ် အမျိုးသားအားကစားပွဲတော်ကို ရန်ကုန်မြို့တွင် ၁၉၉၄ ခုနှစ် ဇန်နဝါရီလ ၂၅ ရက်မှ ဖေဖော်ဝါရီလ ၆ ရက်အထိလည်းကောင်း၊ တတိယအကြိမ် အမျိုးသားအားကစားပွဲတော်ကို ရန်ကုန်မြို့တွင် ၁၉၉၇ ခုနှစ် ဇန်နဝါရီလ ၁၁ ရက်မှ ၂၄ ရက်အထိလည်းကောင်း ကျင်းပခဲ့သည်။

စတုတ္ထအကြိမ် အမျိုးသားအားကစားပွဲတော်ကို နေပြည်တော်တွင် ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက်မှ ၂၈ ရက်အထိကျင်းပပေးခဲ့ပြီး အမျိုးသားအားကစားပွဲတော်များကျင်းပခြင်းကို ရပ်နားထားခဲ့သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်၏တာဝန်အရပ်ရပ်ကိုဦးဆောင်ခဲ့သည့်အချိန်မှစ၍ နိုင်ငံတော်ကို ဘက်စုံထောင့်စုံ ကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်လျက်ရှိရာ ဖွံ့ဖြိုးတိုးတက်ရေးတွင်အဓိကကျလှသော လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးကို အဓိကတည်ဆောက်ပေးလျက်ရှိသည်။ တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့်အားကစားကဏ္ဍမြှင့်တင်ရေးကို အလေးထားဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ကြောင့် ၂၀၂၄ ခုနှစ်တွင် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကြီးကို ဒီဇင်ဘာလ ၉ ရက်မှ ၂၀ ရက်အထိ ခမ်းနားထည်ဝါ စည်ကားသိုက်မြိုက်စွာ စီစဉ်ကျင်းပခြင်းဖြစ်သည်။ ဝန်ကြီးဌာနအဆင့်ပြိုင်ပွဲများတွင် အားကစားနည်းခြောက်မျိုး၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အဆင့်ပြိုင်ပွဲများတွင် အားကစားနည်း ၂၃ မျိုးနှင့် မသန်စွမ်းအားကစားပြိုင်ပွဲများတွင် အားကစားနည်းလေးမျိုး ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ အမျိုးသားအားကစားပွဲတော်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ကြသူများမှာ သက်ဆိုင်ရာဝန်ကြီးဌာန၊ တိုင်းဒေသကြီး၊ ပြည်နယ်နှင့် မသန်စွမ်းသူများအားလုံးထဲမှ အဆင့်ဆင့်ယှဉ်ပြိုင်ကစားခဲ့ပြီး ဆန်ခါတင်ရွေးချယ်ထားသူများဖြစ်ကြသည်။ ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်၏ မသန်စွမ်းအားကစားပြိုင်ပွဲများကို ဒီဇင်ဘာလ ၅ ရက်မှစတင်ကျင်းပခဲ့ရာ ဒီဇင်ဘာလ ၈ ရက်တွင်ပြိုင်ပွဲများပြီးဆုံးခဲ့ပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်အဆင့်အားကစားပြိုင်ပွဲများကို ဆက်လက်ကျင်းပလျက်ရှိသည်။

အားကစားဆောင်ရွက်နေခြင်းသည် မျိုးချစ်စိတ်၊ တိုင်းပြည်ချစ်စိတ်များနှင့် အမျိုးသားရေးစရိုက်လက္ခဏာတို့ကိုရှင်သန်ထက်မြက်စေပြီး တစ်မျိုးသားလုံး၏ကျန်းမာကြံ့ခိုင်ရေးကိုလည်းဖြစ်ပေါ်စေနိုင်သည်။ အားကစားတိုးတက်အောင်မြင်ခြင်းမှာ နိုင်ငံသူ၊ နိုင်ငံသားများ၏ ရုပ်ပိုင်းနှင့်စိတ်ပိုင်းဆိုင်ရာစွမ်းဆောင်ရည်များကို မြှင့်တင်ပေးခြင်းဖြစ်ပြီး လူသားအရင်းအမြစ်များတိုက်ရိုက်ဖွံ့ဖြိုးစေနိုင်သည်။ အားကစားဆိုသည်မှာ ပြောင်းလဲလာသည့်အခြေအနေအရပ်ရပ်နှင့်အညီ နိုင်ငံနှင့်လူမျိုးဂုဏ်ကို မြှင့်တင်ပေးသည့် အမျိုးသားရေးတာဝန်တစ်ရပ်လည်းဖြစ်သည်။ အားကစားအောင်မြင်မှုတွင် ကြံ့ခိုင်မှု၊ ခွန်အားရှိမှု၊ လျင်မြန်မှု၊ ကျွမ်းကျင်မှု၊ ခံနိုင်ရည်ရှိမှု၊ ပူးပေါင်းဆောင်ရွက်မှု စသည့်အခြေခံအချက်များအပေါ်မူတည်လျက်ရှိပြီး မိမိတို့၏ကျွမ်းကျင်မှုအတွေ့အကြုံနှင့် အလေ့အကျင့်တို့ကိုစဉ်းစားဆင်ခြင်ဉာဏ်၊ လျှပ်တစ်ပြက်ဖြတ်ထိုးဉာဏ်၊ မှန်ကန်သည့် အယူအဆ၊ မှန်ကန်မြန်ဆန်သည့်ဆုံးဖြတ်ချက်များနှင့်ပေါင်းစပ်အသုံးချရမည်ဖြစ်သည်။

နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားကောင်းများပေါ်ထွက်ရေးကို နိုင်ငံသားအားလုံးက မျှော်လင့်လျက်ရှိကြသည်။ မိမိနိုင်ငံတွင် ထူးချွန်ထက်မြက်သောအားကစားသမားကောင်းများပေါ်ထွက်လာပြီး နိုင်ငံတကာပြိုင်ပွဲများတွင် နိုင်ငံတော်၏အလံတော်ကို တိုင်ထိပ်တွင်လွှင့်တင်ခြင်းမျိုးကိုမြင်တွေ့ချင်ကြသည်။ ၂၀၂၅ ခုနှစ်တွင်ကျင်းပမည့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြု နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများအားလုံး ရွှေတံဆိပ်များဆွတ်ခူးသည်ကိုမြင်တွေ့လိုကြသည်။ ထို့ကြောင့် နိုင်ငံတော်အတွက်အလွန်ကြီးကျယ်ခမ်းနားသည့် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကြီးကျင်းပခြင်းကို ဝမ်းမြောက်ဝမ်းသာကြိုဆိုပါကြောင်း ဂုဏ်ပြုရေးသားလိုက်ရပေသည်။ ။




# မင်းဘူး(စကု)မြို့နယ်၌ ဆောင်းသီးနှံနေကြာ ဧက ၂၀၀၀၀ ကျော် စိုက်ပျိုးပြီးစီး

**မင်းဘူး ဒီဇင်ဘာ ၉**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု) မြို့နယ်ရှိ ကျေးရွာများ၌ ဆောင်းသီးနှံနေကြာကိုဧက ၂၀၀၀၀ ကျော် စိုက်ပျိုးပြီးစီးနေကြပြီဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ထိုသို့စိုက်ပျိုးရာတွင် ဒေသခံတောင်သူများ နေကြာမျိုးကောင်းမျိုးသန့်၊ မျိုးစေ့များကို စနစ်တကျရွေးချယ်စိုက်ပျိုးနိုင်ရေးနှင့် စိုက်ပျိုးသည့်နည်းစနစ်မှန်ကန်စေရေးတို့အတွက် စိုက်ပျိုးရေးဝန်ထမ်းများက စိုက်ခင်းထဲအရောက် ကွင်းဆင်း၍ စိုက်ပျိုးစေခဲ့သည်။

ဆောင်းနေကြာသီးနှံစိုက်ပျိုးရန် မြေယာပြုပြင်ပြီးချိန်တွင် မျိုးစေ့တစ်ဧက နှစ်ပြည်နှုန်းသုံးစွဲကာ ကြဲပက်စိုက်ပျိုးကြပြီး ရေဆင်းမျိုး၊ ဆင်းရွှေကြာ (၂) နှင့် အိန္ဒိယမျိုးတို့ကို အများဆုံးရွေးချယ်စိုက်ပျိုးလေ့ရှိကြသည်။

ဆီထွက်သီးနှံများထဲတွင် နေကြာစိုက်ပျိုးခြင်းသည် စိုက်ပျိုးစရိတ်ကုန်ကျမှု အသက်သာဆုံးဖြစ်ပြီး ဒေသခံတောင်သူများ စီးပွားရေး ပိုမိုတွက်ခြေကိုက်သည့်အတွက် နေကြာသီးနှံကို အများဆုံးအားထား စိုက်ပျိုးကြကြောင်း ရေပုတ်ကျေးရွာ နေကြာစိုက်တောင်သူ ဦးသောင်းနိုင်ထွေးက ပြောသည်။

မင်းဘူး(စကု)မြို့နယ်၌ ယခုနှစ် စိုက်ပျိုးရာသီတွင် ဆောင်းနေကြာသီးနှံကို ဧကပေါင်း ၃၀၀၀၀ ကျော် လျာထားကာ ဒီဇင်ဘာလ ၉ ရက်အထိ ၂၆၅၅၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မင်းဘူးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ဦးစီးမှူး ဦးဇော်မင်းသူထံမှ သိရသည်။

ဇေယျာနိုင်(ရွှေကန်မြေ)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၀-၁၂-၂၀၂၄(အင်္ဂါနေ့)

၁။ ၆:၀၂ နိုင်ငံတော်သီချင်း
၂။ ၆:၀၃ တရားတော်
၃။ ၇:၂၀ ဓမ္မပူဇာတေး
၄။ ၇:၂၅ ကိုယ်လက်လှုပ်ရှားအားကစား
၅။ ၇:၅၀ မြန်မာ့ရှုခင်း
၆။ ၉:၀၀ မြဝတီနေ့စဉ်သတင်း
၇။ ၉:၅၀ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၈။ ၁၁:၁၀ မြန်မာသံစဉ်ချိုနားဝင်
၉။ ၁၂:၂၅ ကျန်းမာသုတ
၁၀။ ၁၄:၁၀ ဇာတ်လမ်းတို
၁၁။ ၁၆:၂၅ Sport Review
၁၂။ ၁၆:၅၅ သာယာသီကြွေးခေတ်ဆန်းတေး
၁၃။ ၁၇:၅၀ ပြည်ချစ်သားမွန်တေးသဝဏ်
၁၄။ ၁၈:၃၀ ထုတ်လွှင့်ပြန်ကြားသတင်းမှန်များ
၁၅။ ၁၉:၁၀ **(၃၈) ဖြာမင်္ဂလာ**
**ဉာတကာနဉ္စ သင်္ဂဟော၊ အနဝဇ္ဇာနိ ကမ္မာနိ**
၁၆။ ၁၉:၅၀ **လှေပွဲ**
၁၇။ ၂၀:၀၀ မြဝတီရုပ်မြင်သံကြားသတင်း

မြဝတီ နေ့စဉ် The Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၁၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လှိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

“လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်နေသည့်မြို့၊ ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။”

(၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့်ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက်)

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ Kalmykia ပြည်နယ်အကြီးအကဲ ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို



နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော် ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ ရှုခင်းပုံကျောက်စီပန်းချီကားကို ရုရှားဖက်ဒရေးရှင်းနိုင်ငံ Kalmykia ပြည်နယ်အကြီးအကဲ Mr. Batu Sergeyevich Khassikov အား ဓမ္မပဏ္ဏာအဖြစ် ပေးအပ်စဉ်။



ရုရှားဖက်ဒရေးရှင်းနိုင်ငံ Kalmykia ပြည်နယ်အကြီးအကဲ ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ ရွှေတိဂုံစေတီတော်မြတ်ကြီး ရင်ပြင်တော်အား လှည့်လည်ကြည့်ရှုစဉ်။

နေပြည်တော် ဒီဇင်ဘာ ၉

ရုရှားဖက်ဒရေးရှင်းနိုင်ငံ Kalmykia ပြည်နယ်အကြီးအကဲ Mr. Batu Sergeyevich Khassikov ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည်ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရွှေတိဂုံစေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြသည်။

ထိုသို့ဖူးမြော်ကြည်ညိုစဉ် ရွှေတိဂုံစေတီတော်မြတ်ကြီးရှိ သမိုင်းအချက်အလက်နှင့် ဘုရားဖူးလမ်းညွှန်၊ သာသနိကအဆောက်အအုံများ၊ ဗုဒ္ဓပြတိုက်နှင့် ဓာတ်ပုံပြခန်းတို့ကို ကြည့်ရှုလေ့လာကြပြီး စေတီတော်ဒေါ်ခံတန်ဆောင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်း၊ ဆီမီး၊ အမွှေးနံ့သာများဖြင့် ဆက်ကပ်ပူဇော်ကြသည်။

ယင်းနောက် အမျိုးသားပြတိုက်၌ သီဟာသနပလ္လင်ပြခန်း၊ ရတနာပုံခေတ်ပြခန်း၊ မင်းခမ်းတော်ပစ္စည်းပြခန်းများအပါအဝင် မြန်မာ့သမိုင်းဆိုင်ရာပြခန်းများကို စိတ်ဝင်တစားလေ့လာကြပြီး မြို့တော်ခန်းမ၊ ဝန်ကြီးများရုံး၊ ကန်တော်ကြီးနှင့် ကရဝိက်စသည့် ရန်ကုန်မြို့၏ အထင်ကရနေရာများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြကာ မြန်မာ့ကျောက်မျက်ပြတိုက် အရောင်းဆိုင်များကို သွားရောက်ကြည့်ရှုလေ့လာကြသည်။

မွန်းလွဲပိုင်းတွင် Kalmykia ပြည်နယ်အကြီးအကဲနှင့်အဖွဲ့သည် မြန်မာနိုင်ငံ



ရုရှားဖက်ဒရေးရှင်းနိုင်ငံ Kalmykia ပြည်နယ်အကြီးအကဲ ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ ရတနာပုံခေတ်ပြခန်းအား သွားရောက်ကြည့်ရှုလေ့လာစဉ်။

ဆိုင်ရာရုရှားဖက်ဒရေးရှင်းနိုင်ငံသံအမတ်ကြီး H.E.Mr. Iskander Azizov၊ သာသနာရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့်အတူ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသအမှူးပြုသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများအား ကမ္ဘာအေးကုန်းမြေရှိ နိုင်ငံတော်သံဃမဟာနာယကဘုရားခန်း၌ သွားရောက်ဖူးမြော်ကြည်ညိုကြသည်။

ထိုသို့ လာရောက်ဖူးမြော်ကြည်ညိုစဉ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော် ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသက ရုရှားနိုင်ငံသည် ရှေးယခင်ကတည်းက ယဉ်ကျေးမှု၊ စာပေ၊ အနုပညာထွန်းကားခဲ့ပြီး ယခုလည်း ထွန်းကားဆဲဖြစ်သည်ကို သိမြင်ရပါကြောင်း၊ ဘက်ပေါင်းစုံအစဉ်အလာကြီးမားပြီး မြန်မာနိုင်ငံနှင့်ယဉ်ကျေးမှုနှင့် လူမှုရေးရာအဖြာဖြာတွင် ကူးလူးဆက်ဆံနေသည့်အတွက် ဝမ်းမြောက်ပါကြောင်း၊ ရှေးယခင်ကတည်းကပင်သံတမန်ဆက်ဆံရေးရှိခဲ့ပြီး ယခု နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရလက်ထက်တွင် ပိုမိုကောင်းမွန်သည့် သံတမန်ဆက်ဆံရေးများကြောင့် အားတက်ဝမ်းမြောက်ရပါကြောင်း၊ ရုရှားနိုင်ငံ၌ ထေရဝါဒဗုဒ္ဓဘာသာ၏ အထွတ်အမြတ်ထားရာ ရုပ်ပွားစေတီတော်များအား တည်ထားကိုးကွယ်ခွင့်ပြုသည့်အတွက် နှစ်နိုင်ငံဆက်ဆံရေးကို အားရဝမ်းမြောက်မိကြောင်း နှုတ်ခွန်းဆက်ပဋိသန္ထာရကထာ မိန့်ကြားတော်မူသည်။

ထို့နောက် Kalmykia ပြည်နယ်အကြီးအကဲက မိမိတို့ပြည်နယ်သည် ဗုဒ္ဓဘာသာပြန့်ပွားရေးဆောင်ရွက်သည့် ပြည်နယ်တစ်ခုဖြစ်ပြီး ဗုဒ္ဓဘာသာထွန်းကားကြောင်း၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်ကြီးအား ၂၀၂၅ ခုနှစ်တွင် ကျင်းပမည့်ဗုဒ္ဓဘာသာဖိုရမ်သို့ ပင့်ဖိတ်လိုကြောင်း၊ မိမိတို့ ပြည်နယ်တွင် မြန်မာနိုင်ငံကဲ့သို့ ဗုဒ္ဓဘာသာပြန့်ပွားရေးကို ဆောင်ရွက်နိုင်ရန် ယုံကြည်ကြောင်း၊ ဗုဒ္ဓဘာသာထွန်းကားရေးအတွက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်နိုင်မည်ဟု မျှော်လင့်ပါကြောင်း ဆွေးနွေးလျှောက်ထားသည်။

ဆက်လက်၍ Kalmykia ပြည်နယ်အကြီးအကဲနှင့်အဖွဲ့သည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်နှင့် အဖွဲ့ဆရာတော်ကြီးများအား ဓမ္မပဏ္ဏာနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်က ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ ရှုခင်းပုံကျောက်စီပန်းချီကားကို ဓမ္မပဏ္ဏာအဖြစ် ပေးအပ်သည်။

ညပိုင်းတွင် Kalmykia ပြည်နယ်အကြီးအကဲနှင့်အဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်ကြကြောင်း သိရသည်။

(သတင်းစဉ်)

# မြစ်ကိုအလျားစုန်ကူးခဲ့သည်

ကျွန်းစဉ်မြေစောခက်

**ယမန်နေ့မှအဆက်**

၂၀၀၄-၂၀၀၅ ပညာသင်နှစ်သည်ကား အမှတ်(၂၃)အခြေခံပညာမူလတန်းကျောင်းအတွက် အတန်းခွဲဝေမှုစနစ်သစ်ကို ကျွန်တော် စတင်အကောင်အထည်ဖော်တော့သည်။

ကျွန်တော်သည် အ.မ.က(၂၃)သို့ ရောက်သည်ဆိုကတည်းက ဆရာ၊ ဆရာမများ၏ ဘွဲ့နှင့်လုပ်သက်အတွေ့အကြုံကို မေးမြန်းစုံစမ်းကြည့်ပြီး တစ်ဦးချင်းကိုယ်ရေးအကျဉ်းကို မှတ်တမ်းတင်ထားသည်။ သူတို့ကိုယ်ရေးအကျဉ်းကို လေ့လာပြီး ဆရာ၊ ဆရာမတွေကို အတန်းလိုက်သတ်မှတ်ထားလိုက်သည်။ ရင်ခွင်ပိုက် (Rotic)သွားသည့်သဘော၏ ဖြစ်တတ်သည့်အခြေအနေကိုလည်း သူတို့ကို နားဝင်အောင်ရှင်းပြသည်။

အတန်းခွဲဝေသည့်အချိန်တွင် အတန်းတစ်တန်းလျှင် ဆရာ၊ ဆရာမသုံးဦးကျစီ သတ်မှတ်ပေးသည်။ သူငယ်တန်းဆို သူငယ်တန်း (A) (B) (C)၊ ပထမတန်းဆို ပထမတန်း (A) (B) (C)စသည်ဖြင့် သုံးခန်းစီခွဲလိုက်သည်။ ဤအချိန်တွင် ဆရာ၊ ဆရာမသုံးဦးကို တစ်ဦးချင်းမဲနှိုက်ခိုင်းတော့သည်။ (A) ကိုရသူမှာ (A)ခန်းအတန်းပိုင်၊ (B) ကိုရသူမှာ (B) ခန်းအတန်းပိုင်၊ (C) ကိုရသူမှာ (C)ခန်းအတန်းပိုင်ပင်ဖြစ်သည်။ နှစ်စဉ်ဤသို့မဲနှိုက်ပြီး အတန်းခွဲဝေခြင်းဖြင့် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများမှာ အမြဲအပြောင်းအလဲရှိနေပေတော့သည်။ ဤသို့ဆောင်ရွက်လိုက်ခြင်းဖြင့် ဆရာ၊ ဆရာမတိုင်းသည် ကျောင်းသား၊ ကျောင်းသူတိုင်း၏ ဆရာ၊ ဆရာမများဖြစ်ကြပြီးလျှင် ကျောင်းသား၊ ကျောင်းသူတိုင်းသည်လည်း ဆရာ၊ ဆရာမတိုင်း၏ တပည့်များဖြစ်ကြပေတော့သည်။ နောင်ဆိုလျှင် မျှဝေစာပြ၊ မျှဝေခံစားစနစ်ကို သဘောကျသွားကြပြီး ကျောင်းသား၊ ကျောင်းသူများလည်း တိုးတက်၊ ဆရာ၊ ဆရာမများလည်း စိတ်ပိုင်းဆိုင်ရာရော လုပ်ငန်းပိုင်းဆိုင်ရာများပါ ဖွံ့ဖြိုးလာကာ ကျောင်းကြီးလည်း ဖွံ့ဖြိုးတိုးတက်လာခဲ့ပါတော့သည်။

● ● ● ● ● ● ●

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၌ World Vision မည်သော နိုင်ငံခြားအဖွဲ့အစည်းတစ်ခုရှိသည်။ အခြေခံပညာ ထက်၊ လယ်၊ မူကျောင်းအားလုံး၏ ကျောင်းလုပ်ငန်းပိုင်းဆိုင်ရာ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိ၏။ သို့ဖြစ်၍ ကျောင်းတိုင်းတွင် ကျောင်းဝင်းအကာအရံ၊ အဝီစိရေတွင်း စသည်ဖြင့် ပြည့်စုံကြပါ၏။ ကျွန်တော်သည် ကျောင်းရှိ ဆရာ၊ ဆရာမများ ကျောင်းအကျိုးတော်ဆောင်အဖွဲ့၊ မိဘဆရာအသင်းနှင့်ညှိနှိုင်းပြီး ကျောင်းဝင်းခြံနှင့် အဝီစိရေရရှိရေးအတွက် မြို့နယ်ပညာရေးမှူး၏ထောက်ခံချက်ဖြင့် World Vision မှ တာဝန်ရှိသူနှင့်တွေ့ပြီး မေတ္တာရပ်ခံအကူအညီတောင်းလိုက်၏။

ကျွန်တော်သည် ၂၀၀၃ ခုနှစ် ဩဂုတ်လ ၆ ရက်တွင် အ.မ.က(၂၃)သို့ ရောက်ရှိသည်။ (၂၀၀၃-၂၀၀၄) ပညာသင်နှစ်အရောက်တွင် World Vision ၏ အကူအညီဖြင့် ကွန်ကရစ်တိုင်နှင့်ချိန်းလိပ်ကာ ကျောင်းဝင်းခြံ

> **''၂၀၀၅ ခုနှစ် မိဘဆရာအသင်းနှစ်ပတ်လည် အစည်းအဝေးတွင် ကုသိုလ်စိတ်ကို ထိပ်ပေါ်တင်ပြီး ကျွန်တော် ဒါနတစ်ခုပြုလိုက်ပါ၏။ ကျွန်တော် ရခိုင်ကမ်းရိုးတန်းဘက်မှာ ကျေးလက်ဆရာဘဝဖြင့် ကျင်လည်ခဲ့စဉ်က ငါးဟင်းအတွက် ကိုယ်တိုင်ကွန်ပစ်ငါးရှာပြီး ခြံထွက်သီးနှံများဖြင့် ဝမ်းသမုဒ္ဒရာ အူအင်္ဂါကို ဖြည့်ဆည်းခဲ့မှုကြောင့် ငွေကြေး အနည်းငယ်စုဆောင်းနိုင်ခဲ့သည်။ ထိုအထဲက ငွေကျပ် ၁၀ သိန်းတည်းဟူသော ချွေးနဲ့စာကို ကျောင်းဘက်စုံတိုးတက်ရေးအတွက် အခမ်းအနားဖြင့် ကျွန်တော် လှူဒါန်းခဲ့ပါ၏. . .''**

နှင့် အဝီစိရေတွင်းတစ်တွင်းတို့ကို ရရှိခဲ့သည်။ ဤပြောင်းလဲမှုအတွက် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ကျောင်းသားမိဘများနှင့် ရပ်ကွက်သူ၊ ရပ်ကွက်သားများပါ အလွန်ပျော်ရွှင်သွားကြသည်။ အဆိုပါစာသင်နှစ် နှစ်လယ်လောက်တွင် စင်ကာပူနိုင်ငံ Seiko-5 ကုမ္ပဏီက စတီးလ် (Steel) သောက်ရေစည်ကြီးတစ်လုံး လာလှူသည့်အပြင် ကျောင်းဝရန်တာများကိုပါ ပြန်လည်ပြုပြင်ပေးသဖြင့် ပိုအဆင်ပြေသွားသည်။

ကျွန်တော်က ကျေးလက်နေမိဘနှစ်ဦးမှမွေးပြီး ကျေးလက်တွင်ကြီးပြင်းသူမို့ ခေါင်းခုတ်တတ်သည်၊ ပေါက်တူးပေါက်တတ်သည်။ အသက် ၂၀ ဝန်းကျင်ကပင် အလုပ်ကြမ်းလုပ်ပြီး လောကဓံနဲ့ စီးချင်းထိုးခဲ့သူဖြစ်၍ အလုပ်ကြမ်းလုပ်ရသည်ကို အခက်အခဲဟူ၍ သဘောမထား။ ရုံးလုပ်ငန်းအားချိန်၊ နားနေချိန်များတွင် ကိုယ်တိုင်ပဲ ဝင်းထဲဆင်းပြီး မြေတူးတန်တူး၊ ဖို့တန်ဖို့ စသည်ဖြင့် လုပ်ကိုင်ရင်း ကျောင်းဥယျာဉ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းများကို ဆောင်ရွက်သည်။ နှစ်တစ်ပတ်လည်ချိန်ကာလအတွင်းမှာပင် သီးလိုက်ကြသည့် ငှက်ပျောခိုင်တွေ၊ ထိုင်ဝမ်သင်္ဘောကလည်း အပင်ပုပေမယ့် အသီးမှာ ရေအိုးလောက်ရှိကြသည်။ ပင်မှည့်ငှက်ပျောသီး၊ သင်္ဘောသီးတွေကို ဆရာ၊ ဆရာမများအား ဝေငှပေး၏။ မြို့နယ်ပညာရေးမှူးနှင့်ရုံးအဖွဲ့သို့ လက်ဆောင်ပေးပို့၏။ ရာသီချိန်ဘူးသီးတွေကလည်း ဘူးစင်တွင် တွဲလွဲခိုလျက်။ ကျောင်းအဝင်လမ်းနှင့် ကျောင်းရှေ့ဝရန်တာတစ်လျှောက်တွင် ရောင်စုံပန်းကလေးများကလည်း လှပဝေဆာပွင့်ပန်းဖြာလျက်။ ကျွန်တော်ရောက်ပြီးနောက်တွင် အ.မ.က(၂၃)၏ ပြောင်းလဲမှုက တစ်ခုပြီးတစ်ခုဆိုသလို ပြောင်းလဲနေခဲ့ပေပြီ။ သို့သော် ကျောင်းအဆောက်အအုံဥပဓိရုပ်က ဇာတ်မင်းသားကြီးရွှေမန်းတင်မောင်သီချင်းထဲကလို "ထိုနည်းလည်းကောင်း ထိုနည်းလမ်းကောင်း" ပဲ ဖြစ်နေသေးသည်။ ကျွန်တော် လုံးဝအားမရသေး။

၂၀၀၅ ခုနှစ် မိဘဆရာအသင်းနှစ်ပတ်လည်အစည်းအဝေးတွင် ကုသိုလ်စိတ်ကို ထိပ်ပေါ်တင်ပြီး ကျွန်တော် ဒါနတစ်ခုပြုလိုက်ပါ၏။ ကျွန်တော် ရခိုင်ကမ်းရိုးတန်းဘက်မှာ ကျေးလက်ဆရာဘဝဖြင့် ကျင်လည်ခဲ့စဉ်က ငါးဟင်းအတွက် ကိုယ်တိုင်ကွန်ပစ်ငါးရှာပြီး ခြံထွက်သီးနှံများဖြင့် ဝမ်းသမုဒ္ဒရာ အူအင်္ဂါကို ဖြည့်ဆည်းခဲ့မှုကြောင့် ငွေကြေးအနည်းငယ်စုဆောင်းနိုင်ခဲ့သည်။ ထိုအထဲက ငွေကျပ် ၁၀ သိန်းတည်းဟူသော ချွေးနဲ့စာကို ကျောင်းဘက်စုံတိုးတက်ရေးအတွက် အခမ်းအနားဖြင့် ကျွန်တော်လှူဒါန်းခဲ့ပါ၏။ ဓာတ်ပုံမှတ်တမ်းများနှင့်တကွ နိုင်ငံပိုင်သတင်းစာတွင် သတင်းအဖြစ်ဖော်ပြခဲ့ပေသည်။

ကျွန်တော် ဤသို့ မတည်လိုက်ချိန်တွင် ရပ်ကွက်အတွင်းမှ စေတနာရှင်များကလည်း အထိုက်အလျောက် ပါဝင်လှူဒါန်းလာကြ၏။ အထူးသဖြင့် ကျောင်းအဝင်လမ်းနှင့်တံတားအတွက် အလှူထည့်ဝင်ငွေ ငွေကျပ် ငါးသိန်းကို လှူဒါန်းခဲ့သော ကမာရွတ်မြို့နယ်က ဦးလှမြင့်+ဒေါ်ခင်မြတ်မွန်တို့အားလည်းကောင်း၊ မေတ္တာရိပ်ကျောင်းစာကြည့်တိုက်အတွက် စာအုပ်မျိုးစုံ ၂၈၆ အုပ်ကို လှူဒါန်းပေးခဲ့သော ဒဂုံ(တောင်) ၂၄ ရပ်ကွက်က ဦးအောင်မြင့်+ဒေါ်သက်သက်ဆွေတို့အားလည်းကောင်း ကျွန်တော် အထူးပင်ကျေးဇူးတင်ရှိလှပေသည်။

ဤသို့ ဦးအောင်မြင့်+ဒေါ်သက်သက်ဆွေတို့ စာအုပ်မျိုးစုံ ၃၀၀ နီးပါးလာရောက်လှူဒါန်းခြင်းမှာ ဒေါ်ဂျယ်နီ(လယ်/ပြ)၏စည်းရုံးမှုကြောင့်ပင်ဖြစ်သည်။ သို့ဖြစ်၍ စာအုပ်လှူဒါန်းနိုင်စေရန် စည်းရုံးပေးသော ဒေါ်ဂျယ်နီ (လယ်/ပြ- ငြိမ်း) အားလည်းကောင်း၊ စာအုပ်လှူဒါန်းကြပါသော စေတနာရှင် ဦးအောင်မြင့်+ဒေါ်သက်သက်ဆွေတို့အားလည်းကောင်း မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။(စာရေးသူ)

■ ■ ■ ■ ■ ■ ■

## အလကားလူ ကျွန်တော်

(၂၃-၄-၂၀၀၄)နေ့တွင် ကျောက်ဖြူမြို့နေ ကျွန်တော်ဆွေမျိုးတစ်ဦးဆီက ဖုန်းကြောင့် ကျွန်တော့်ရင်၌ ဝေဒနာတစ်ခု ခပ်ပြင်းပြင်းဖြစ်တည်သွားသည်။ (၂၄-၄-၂၀၀၄)နေ့တွင် ဌာနဆိုင်ရာတာဝန်ရှိသူထံ ခွင့်စာသွားတင်လိုက်၏။ (၂၅-၄-၂၀၀၄)နေ့ ညနေပိုင်းတွင် အောင်မင်္ဂလာအဝေးပြေးကားဂိတ်မှ ခရီးသည်တင်အမြန်ယာဉ်ကြီးဖြင့် စတင်ထွက်ခွာခဲ့ရသည်။ အနောက်ရိုးမတောင်တန်းကြီးနှင့် ရဲအောင်လံအမြန်ယာဉ်တို့၏ ပင္စပက္ခသံများသည် တစ်ညလုံး ကျွန်တော်နားစည်မြှေးကို စိုးမိုးအနိုင်ယူထားသည်။ ရိုးမညသည် ကျွန်တော်၏ အတွေးပြေးလမ်းကြောင်းကို ဆွဲဆန့်နေမိသည်။

၁၉၆၀ ပြည့်နှစ်က သရက်တောင်တစ်ရွာလုံးတွင် သား၊ သမီးကိုမြို့ပို့ပြီး ကျောင်းထားပေးရဲတဲ့သတ္တိရှိတာ အဖေတစ်ဦးတည်း။ ကျွန်တော် ကိုးတန်းရောက်တဲ့နှစ်မှာပဲ စီးပွားရေးအခြေမလှလို့ ပင်လယ်ပြင်ထဲ ပိုက်ထွက်လိုက်ပြီး သားကို ကျောင်းစရိတ်ပံ့ပိုးခဲ့တဲ့အဖေ။ သားကျောင်းစရိတ်အတွက် လှေထိုးလိုက်ခဲ့စဉ်က လှေပျက်ပြီး ဝါးလုံးကလေးတစ်လုံးတည်းနဲ့ ဘင်္ဂလားပင်လယ်ထဲကနေ ကွမ်းချောင်းတောင်ခြေသို့ ရောက်အောင် ကူးခဲ့တဲ့အဖေ။ သား စာမေးပွဲကျတော့ ဝေမှိုင်းတဲ့မျက်ဝန်းအစုံနဲ့ သား စိတ်မပျက်ဖို့ အားဖြည့်စကားပြောကြားခဲ့တဲ့အဖေ။

**ဆက်လက်ဖော်ပြပါမည်။**

---

# ကျောင်းကုန်းမြို့နယ်မှထွက်ရှိသော သခွားသီးများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေ

ကျောင်းကုန်း ဒီဇင်ဘာ ၉

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်မှထွက်ရှိသော သခွားသီးများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း ကျောင်းကုန်းမြို့နယ်၌ ကုန်စိမ်းမျိုးစုံရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူ ဒေါ်သေးသေး၏ ပြောပြချက်အရ သိရသည်။

ကျောင်းကုန်းမြို့နယ်၌ နိုဝင်ဘာလနောက်ဆုံးပတ်မှစတင်၍ လက်ရှိအချိန်ထိ သခွားသီးများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါဒေသမှထွက်ရှိသည့် ရောင်းတမ်းဝင်သခွားသီးများ တစ်ရက်လျှင် အလုံး ၁၈၀၀၀ ကျော်အထိ အရောင်းအဝယ်ကောင်းမွန်နေကြောင်း သိရသည်။

''ကျောင်းကုန်းမြို့နယ်က ထွက်ရှိတဲ့ သခွားသီးတွေ အဝယ်လိုက်ပြီး အရောင်းအဝယ်ကောင်းမွန်နေပါတယ်။ လက်ရှိ မိုးသီးနှံအဖြစ်စိုက်ပျိုးထားတဲ့ သခွားသီးတွေ ထွက်ရှိနေပါတယ်။ ကျောင်းကုန်းမြို့နယ်ဝန်းကျင်မှာရှိတဲ့ တခြားဒေသကုန်စိမ်းဈေးကွက်က ဝယ်လက်တွေက အဝယ်များနေပါတယ်။ လက်ရှိ တစ်ရက်ကို ရောင်းတမ်းဝင်သခွားသီးအလုံး ၁၈၀၀၀ ကျော်အထိ ရောင်းချနေရပါတယ်။ ဒေသထွက်သခွားသီးတွေက ပိုးမွှားကင်းရှင်းပြီး အရည်အသွေးကောင်းပါတယ်'' ဟု ဒေါ်သေးသေးက ပြောသည်။

ကျောင်းကုန်းမြို့နယ်၌ ဒေသထွက်သခွားသီးများနှင့် တခြားကုန်စိမ်းများကို ပုသိမ်၊ ကျောင်းကုန်းနှင့် ငွေဆောင်စသည့်ဒေသများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

**သုတကျော်**



# ၂၀၂၄ ခုနှစ် ပဥ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်ဖွင့်ပွဲအခမ်းအနား မြင်ကွင်းပုံရိပ်များ



၂၀၂၄ ခုနှစ် ပဥ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်ဖွင့်ပွဲအခမ်းအနားကို အမှတ်စဉ်ရေတွက်၍ ဖွင့်လှစ်ပြီး တစ်ချိန်တည်းတွင် မီးရှူးမီးပန်းများပစ်ဖောက်စဉ်။





မြန်မာနိုင်ငံတော်အလံနှင့်အမျိုးသားအားကစားပွဲတော်အလံကို ကွင်းအတွင်းသယ်ဆောင်၍ လွှင့်တင်မှုကိုတွေ့ရစဉ်။





၂၀၂၄ ခုနှစ် ပဥ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်ဖွင့်ပွဲအခမ်းအနားတွင် မီးအလှပြမှု( Lighting Show) တင်ဆက်ပြသမှုကိုတွေ့ရစဉ်။

# အပြည်ပြည်ဆိုင်ရာအဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဒီဇင်ဘာ ၉

**အပြည်ပြည်ဆိုင်ရာအဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကိုယနေ့နံနက်ပိုင်းတွင်နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၁ ၌ကျင်းပပြုလုပ်ရာ** နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ **စာမျက်နှာ ၇ သို့ ⏭**






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အပြည်ပြည်ဆိုင်ရာအဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားဖွင့်ပွဲဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အပြည်ပြည်ဆိုင်ရာအဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားတွင်အမှာစကားပြောကြားစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ ပိုစတာပြိုင်ပွဲတွင် ပထမဆုရ ဦးအောင်စည်သူအား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ ဗီဒီယိုပြိုင်ပွဲတွင် ပထမဆုရ ဒေါ်နှင်းယွန်းယှည်အား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးစစ်အေးက အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ်တံဆိပ်အား ဂါရဝပြုပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အဂတိလိုက်စားမှုတိုက်ဖျက်ရေး လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများကို စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုစဉ်။

**❖ အဂတိလိုက်စားမှုသည် လူ့ဘောင်လောကကို အရုပ်ဆိုးအကျည်းတန်စေပြီး ကောင်းမွန်သည့်လူမှုစီးပွားဘဝပတ်ဝန်းကျင်ကိုထိခိုက်ပျက်စီးစေသည့် မကောင်းမှုဒုစရိုက်တစ်ခုပင်ဖြစ်၊ အဂတိလိုက်စားမှုများကြောင့် လူ့ဘောင်လောကတွင် တရားမျှတမှုပျောက်ကွယ်ပြီး နိုင်ငံတော်နှင့်အများပြည်သူကိုထိခိုက်စေ၊ ထို့ပြင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်ကို ပျက်စီးစေရုံသာမက တရားဥပဒေစိုးမိုးရေးနှင့်တည်ငြိမ်အေးချမ်းမှုကိုလည်း ထိခိုက်စေနိုင် . . .**

⏭ **စာမျက်နှာ ၆ မှအဆက်**

ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာပိုစတာ၊ ဗီဒီယိုနှင့်ဆောင်းပါးပြိုင်ပွဲများတွင် ဆုရရှိသူများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက Video Conferencing ဖြင့် တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က **အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ်အခမ်းအနားဖွင့်ပွဲဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။**

ထို့နောက် အခမ်းအနားကိုစတင်ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာ၌ အဂတိလိုက်စားမှု တားဆီးကာကွယ်ခြင်းနှင့် တိုက်ဖျက်ခြင်းများတွင် ကုလသမဂ္ဂအဂတိလိုက်စားမှု တိုက်ဖျက်ရေးကွန်ဗင်းရှင်း၏ အခန်းကဏ္ဍနှင့်စပ်လျဉ်းပြီး အသိပညာမြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ဒီဇင်ဘာလ(၉)ရက်နေ့ကို အပြည်ပြည်ဆိုင်ရာအဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့အဖြစ် ၂၀၀၃ ခုနှစ်တွင် စတင်သတ်မှတ်ခဲ့ပြီး ကမ္ဘာ့နိုင်ငံများတွင် အထိမ်းအမှတ်အခမ်းအနားများကို နှစ်စဉ်ကျင်းပပြုလုပ်လျက်ရှိကြောင်း။

ယခုနှစ် အပြည်ပြည်ဆိုင်ရာအဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ ဦးတည်ချက်မှာ **“ဖြောင့်မတ်တည်ကြည်သောအနာဂတ်ဖော်ဆောင်ဖို့ အဂတိတိုက်ဖျက်လူငယ်များနှင့် လက်ချင်းဆက်ကြပါစို့(Uniting with Youth against Corruption: Shaping Tomorrow’s Integrity)”**ဖြစ်ကြောင်း၊ အဆိုပါဆောင်ပုဒ်သည် မိမိတို့ မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က ၂၀၂၂ ခုနှစ်ကစတင်ဆောင်ရွက်နေသည့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ လူငယ်အသိပညာပေးအစီအစဉ်နှင့် စကားဝိုင်းဆွေးနွေးပွဲများ၊ ပညာရေးနှင့် ပူးပေါင်းဆောင်ရွက်ချက်များ၏ ဦးတည်ရည်မှန်းချက်များနှင့် တူညီနေကြောင်း၊ ကော်မရှင်၏စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိနေသည့် လုပ်ငန်းတစ်ရပ်ဖြစ်သည်ကို တွေ့ရှိရကြောင်း။

အဂတိလိုက်စားမှုသည် လူ့ဘောင်လောကကို အရုပ်ဆိုးအကျည်းတန်စေပြီး ကောင်းမွန်သည့် လူမှုစီးပွားဘဝပတ်ဝန်းကျင်ကိုထိခိုက်ပျက်စီးစေသည့် မကောင်းမှုဒုစရိုက်တစ်ခုပင်ဖြစ်ကြောင်း၊ အဂတိလိုက်စားမှုများကြောင့် လူ့ဘောင်လောကတွင် တရားမျှတမှု ပျောက်ကွယ်ပြီး နိုင်ငံတော်နှင့်အများပြည်သူကို ထိခိုက်စေကြောင်း၊ ထို့ပြင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်ကို ပျက်စီးစေရုံသာမက တရားဥပဒေစိုးမိုးရေးနှင့်တည်ငြိမ်အေးချမ်းမှုကိုလည်း ထိခိုက်စေနိုင်ကြောင်း၊ လက်တွေ့တွင်လည်း အဆိုပါအယူအဆမှန်ကန်နေသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း။

အဂတိလိုက်စားမှုပြဿနာသည် မိမိတို့နိုင်ငံတွင်သာမက ကမ္ဘာတစ်ဝန်းတွင် ပျံ့နှံ့နေသည့် ရောဂါဆိုးတစ်ခုဖြစ်နေကြောင်း၊ ဖွံ့ဖြိုးပြီးနိုင်ငံများနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ အစိုးရပိုင်းများသာမက ပုဂ္ဂလိကပိုင်းနှင့် အမြတ်အစွန်းမဟုတ်သည့် အချို့ကုသိုလ်ဖြစ်လူမှုဒါန်းရေးအဖွဲ့များတွင်ပါ အမြစ်တွယ်လာနေသည့် ပြဿနာတစ်ခုဖြစ်ကြောင်း။

အဂတိလိုက်စားမှုဆိုသည်ကို သာမန်အားဖြင့် လာဘ်ပေးလာဘ်ယူမှုလောက်သာထင်မှတ်ကြသော်လည်း တကယ်တော့ လူ့ဘောင်လောကတွင် ကျယ်ပြန့်နက်ရှိုင်းသည့် မကောင်းမှုကြီးဖြစ်ကြောင်း၊ ခြိမ်းခြောက်ငွေညှစ်ခြင်း၊ လိမ်လည်ခြင်း၊ နိုင်ငံတော်ဘဏ္ဍာနှင့်ပစ္စည်းများကို အလွဲသုံးစားလုပ်ခြင်း၊ ပြည်သူပိုင်ပစ္စည်းငွေကြေးများကို ကိုယ်ကျိုးအတွက် မသင့်မလျော်သုံးစွဲခြင်း၊ မလျော်သြဇာသုံးပြီး ကိုယ်ကျိုးအတွက်ကိုရယူခြင်း စသည်များသည် အဂတိလိုက်စားမှုများပင်ဖြစ်ကြောင်း၊ အဂတိလိုက်စားမှုကြောင့် ရာဇဝတ်မှုများ ကျူးလွန်ခြင်း၊ အကြမ်းဖက်တိုက်ခိုက်မှုများကို အားပေးခြင်းများ ဖြစ်ပေါ်လာစေကြောင်း၊ ထို့ပြင် တရားဥပဒေစိုးမိုးရေးနှင့် ဒီမိုကရေစီစနစ်ကို ထိခိုက်စေခြင်းတို့ကို ဖြစ်စေခြင်းကြောင့် ကမ္ဘာလုံးဆိုင်ရာပြဿနာကြီးတစ်ခု၊ ရောဂါဆိုးကြီးတစ်ခုဟု ဆိုနိုင်ကြောင်း။

မိမိတို့အစိုးရအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတွင် အရေးကြီးသည့် အဂတိလိုက်စားမှု လျော့နည်းကျဆင်းလာစေရေး၊ အဂတိကင်းစင်သည့် လူ့အဖွဲ့အစည်းတစ်ရပ်ဖြစ်စေရေးနှင့် အများပြည်သူတို့၏အကျိုးစီးပွားကို ကာကွယ်ပေးရေးတို့အတွက် ရည်မှန်းချက်၊ ဦးတည်

**❖ အဂတိလိုက်စားမှုနှင့် ကြွယ်ဝချမ်းသာလာမှုကြောင့်ရရှိသည့်ငွေကြေးနှင့် ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းကို အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေတွင် အတိအကျထည့်သွင်းပြဋ္ဌာန်းထား . . .**

**❖ တစ်ဦးချင်း၊ တစ်ယောက်ချင်း၊ တစ်ဖွဲ့ချင်းက အဂတိကိုပယ်ခွာပြီး မိမိကိုယ်တိုင်နှင့် မိမိပတ်ဝန်းကျင်၊ ထိုမှတစ်ဆင့် နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်သာယာအောင် ဝိုင်းဝန်းဆောင်ရွက် . . .**

**❖ မိမိတို့နိုင်ငံတွင် အဂတိလိုက်စားမှုများ ကင်းရှင်းစေရန်အတွက် အားလုံးက အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက် . . .**

ချက်များချမှတ်ထားကြောင်း၊ နိုင်ငံတော်အတွက် စိတ်ရင်းစေတနာကောင်းကို အရင်းခံပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်ကို ပြောကြားလိုကြောင်း။

ပညာရေးဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနတို့နှင့်ပူးပေါင်းပြီး အခြေခံပညာကျောင်းများနှင့်တက္ကသိုလ်များတွင် ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး ပညာပေး Edutainment အစီအစဉ်များ၊ လူငယ်စကားဝိုင်းများကို အင်တိုက်အားတိုက်ဆောင်ရွက်နေသည်ကို ကျေနပ်အားရဖွယ်တွေ့ရှိရကြောင်း၊ မျိုးဆက်သစ်လူငယ်များကြားတွင် အဂတိလိုက်စားမှုကို မနှစ်သက်၊ ရက်ရွံ့ဆန့်ကျင်သည့်စိတ်ဓာတ်များ ကိန်းအောင်းလာစေရန်ရည်ရွယ်ပြီး ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ လူများတွင် ချစ်ခြင်း၊ မုန်းခြင်း၊ လောဘ၊ ဒေါသ၊ မောဟ၊ ဘယာစသည့် စိတ်အညစ်အကြေးများကြောင့် အဂတိမှုကျူးလွန်လာကြခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် လူငယ်များ၊ ကျောင်းသား၊ ကျောင်းသူများကို ငယ်ရွယ်စဉ်ကစပြီး အဂတိကင်းရှင်းစေရန်၊ စိတ်ထားဖြူစင်သန့်ရှင်းစေရန်အတွက် လူ့ဂုဏ်သိက္ခာနှင့် လူမှုကျင့်ဝတ်များကိုသွန်သင်ပြသဆုံးမပေးကြရန် လိုအပ်ကြောင်း။

အဂတိလိုက်စားမှုနှင့် ကြွယ်ဝချမ်းသာလာမှုကြောင့်ရရှိသည့်ငွေကြေးနှင့် ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းကို အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေတွင် အတိအကျထည့်သွင်းပြဋ္ဌာန်းထားကြောင်း၊ ထို့ကြောင့် အဂတိလိုက်စားမှုကျူးလွန်သူများကို တရားစွဲဆိုအရေးယူရုံသာမက အဂတိလိုက်စားမှုကြောင့် ကြွယ်ဝချမ်းသာလာသည့် ငွေကြေးနှင့်ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းကို ဥပဒေနှင့်အညီ တိတိကျကျထိရောက်အောင် ဆောင်ရွက်ကြရန် လိုအပ်သည်ကို အသိပေးမှာကြားလိုကြောင်း။

**“အဂတိပယ်ခွာ ပြည်သာယာ”**ဆိုသည့် ကော်မရှင်၏ဆောင်ပုဒ်နှင့်အညီ အဂတိလိုက်စားမှုကင်းစင်သည့် နိုင်ငံတစ်နိုင်ငံဖြစ်ပေါ်လာစေရန် အစိုးရနှင့်ပြည်သူလူထုတစ်ရပ်လုံးက အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများကို စိတ်ပါဝင်စားစွာဖြင့် ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ တစ်ဦးချင်း၊ တစ်ယောက်ချင်း၊ တစ်ဖွဲ့ချင်းက အဂတိကိုပယ်ခွာပြီး မိမိကိုယ်တိုင်နှင့် မိမိပတ်ဝန်းကျင်၊ ထိုမှတစ်ဆင့် နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်သာယာအောင် ဝိုင်းဝန်းဆောင်ရွက်သွားကြရန် လေးလေးနက်နက်တိုက်တွန်းအပ်ကြောင်း။

မိမိတို့အစိုးရက ချမှတ်ထားသော **“ရှေ့သို့ချီမည် ပန်းတိုင်ဆီ” (Keep Moving Forward to Achieve Our Goal)** ဆိုသည့်ဆောင်ပုဒ်အတိုင်း နိုင်ငံနှင့် တိုင်းရင်းသားပြည်သူအားလုံး၏အကျိုးကို ရှေးရှုပြီး လူမှုစီးပွားဘဝ တိုးတက်မြင့်မားလာစေရန် ကြိုးပမ်းဆောင်ရွက်နေကြောင်း၊ ထို့ကြောင့် ချမှတ်ထားသည့် ဦးတည်ချက်၊ ရည်မှန်းချက်များနှင့် မူဝါဒများကို လုပ်ငန်းလမ်းညွှန်များအဖြစ် အလေးအနက်ခံယူပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများကို ကော်မရှင်နှင့်ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် အဂတိလိုက်စားမှုများ ကင်းရှင်းစေရန်အတွက် အားလုံးက အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် ပြောကြားရင်း (၂၁)နှစ်မြောက် အပြည်ပြည်ဆိုင်ရာအဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ကို ဂုဏ်ပြုအပ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာပိုစတာ၊ ဗီဒီယိုနှင့်ဆောင်းပါးပြိုင်ပွဲတွင် ဆုရရှိခဲ့ကြသူများအား ဆုများပေးအပ်ချီးမြှင့်သည်။

၎င်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ထံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌက အပြည်ပြည်ဆိုင်ရာအဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်တံဆိပ်အား ဂါရဝပြုပေးအပ်သည်။


ယင်းနောက်အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးစစ်အေးက ကော်မရှင်၏ လုပ်ငန်းဆောင်ရွက်နေမှုများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများသည် အပြည်ပြည်ဆိုင်ရာအဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် Video Clip ကိုကြည့်ရှုကြပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေး လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများကို စိတ်ပါဝင်စားစွာဖြင့် လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

# ပေါင်းစည်းနွဲ့ပျော် အမျိုးသားအားကစားပွဲတော်

ရွှေမြိုင်သူ(ပြန်/ဆက်)



အားကစားဆောင်ရွက်ခြင်းသည် မျိုးချစ်စိတ်၊ တိုင်းပြည်ချစ်စိတ်နှင့်အမျိုးသားရေးစရိုက်လက္ခဏာတို့ကို ရှင်သန်ထက်မြက်စေပြီး တစ်မျိုးသားလုံး၏ ကျန်းမာကြံ့ခိုင်ရေးကိုလည်း အထောက်အကူဖြစ်စေသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍကို အလေးထားမြှင့်တင်ဆောင်ရွက်လျက်ရှိရာ ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကို ဒီဇင်ဘာလ ၉ ရက်မှ ၂၀ ရက်အထိ နေပြည်တော်၌ ပြန်လည်ကျင်းပပြီဖြစ်သည်။ အမျိုးသားအားကစားပွဲတော်ကို အကြောင်းအမျိုးမျိုးကြောင့် မကျင်းပနိုင်ခဲ့သည်မှာ ဆယ်စုနှစ်တစ်ခုနီးပါးကြာခဲ့ပြီဖြစ်သည်။

**ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ကျင်းပရခြင်းရည်ရွယ်ချက်**

၂၀၂၄ ခုနှစ် ပဉ္စမ အကြိမ် အမျိုးသားအားကစားပွဲတော်ကို အားကစားအဆင့်အတန်း ပိုမိုတိုးတက်မြင့်မားလာစေရန်၊ (၃၃)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် အခြားနိုင်ငံတကာပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်အောင်မြင်မှုရှိစေရန်၊ နိုင်ငံ့ဂုဏ်ဆောင်နိုင်မည့် အဆင့်မီအားကစားသမားများနှင့် အလားအလာရှိသော လူငယ်မျိုးဆက်သစ်အားကစားသမားများပေါ်ထွက်လာစေရန်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ ဝန်ကြီးဌာနများအကြား အချင်းချင်း ချစ်ကြည်ရင်းနှီးမှုရရှိပြီး အားကစားလှုပ်ရှားမှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်လာနိုင်စေရန်၊ ပြည်သူတစ်ရပ်လုံး အားကစားကို ပိုမိုစိတ်ပါဝင်စားလာပြီး အားကစားလှုပ်ရှားမှုများတွင် ပါဝင်လာစေရန်ဟူသည့် ရည်ရွယ်ချက်(၅)ရပ်နှင့် ကျင်းပခြင်းဖြစ်သည်။

**နိုင်ငံတော်အဆင့်နှင့်အညီ စည်ကားသိုက်မြိုက်စွာ ကျင်းပ**

ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ဝန်ကြီးဌာနအဆင့်၌ ပြေး၊ ခုန်၊ ပစ် (အမျိုးသား/အမျိုးသမီး)၊ ဘောလုံး(အမျိုးသား)၊ ဖူဆယ်(အမျိုးသား)၊ ဂေါက်သီးရိုက် (အမျိုးသား)၊ ပိုက်ကျော်ခြင်း

> ❖ **၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် တိုင်းရင်းသားများပေါင်းစည်း၍ နွဲ့ပျော်ရခြင်းဖြင့် ပြည်နယ်၊ တိုင်းဒေသကြီးများနှင့် ဝန်ကြီးဌာနများအကြား၊ မသန်စွမ်းလူငယ်များ အပါအဝင် တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး ခင်မင်ရင်းနှီးမှုများရရှိကာ ပြည်ထောင်စုစိတ်ဓာတ်ထာဝစဉ်ရှင်သန်၍ အမိပြည်ထောင်စုကြီးကို ကာကွယ်စောင့်ရှောက်လိုသည့် စစ်မှန်သည့်မျိုးချစ်စိတ်နှင့် ကြံ့ခိုင်သန်စွမ်းသည့် စိတ်ဓာတ်ခွန်အားများ ရရှိလာစေနိုင်မည်ဖြစ် . . .**

(အမျိုးသား)နှင့် ဘော်လီဘော(အမျိုးသား)ပြိုင်ပွဲဟူ၍ အားကစားနည်းခြောက်မျိုး ထည့်သွင်းကျင်းပသွားမည်ဖြစ်သည်။

ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့်တွင် ပြေးခုန်ပစ်(အမျိုးသား/အမျိုးသမီး)၊ ဘတ်စကက်ဘော(အမျိုးသား)၊ ကြက်တောင် (အမျိုးသား/အမျိုးသမီး)၊ ဘိလိယက်/စနူကာ (အမျိုးသား)၊ လက်ဝှေ့ (အမျိုးသား)၊ ကာယဗလနှင့်ကာယကြံ့ခိုင်မှု (အမျိုးသား/အမျိုးသမီး)၊ ခရစ်ကက် (အမျိုးသား)၊ ဘောလုံး (အမျိုးသား/အမျိုးသမီး)၊ ဖူဆယ် (အမျိုးသား/အမျိုးသမီး)ပြိုင်ပွဲများအပါအဝင် အားကစားနည်း ၂၃ မျိုး ထည့်သွင်းကျင်းပသွားမည်ဖြစ်သည်။

ထို့ပြင် မသန်စွမ်းအားကစားနည်းလေးမျိုးကိုလည်း ဒီဇင်ဘာလ ၅ ရက်မှ ၈ ရက်အထိ ကျင်းပခဲ့ပြီး အားကစားနည်းလေးမျိုးဖြစ်သော ပြေးခုန်ပစ်၊ ရေကူး၊ မျက်မမြင်စစ်တုရင်နှင့် ထိုင်လျက်ဘော်လီဘောတို့မှာ ရွှေတံဆိပ်ဆု ကိုးဆု၊ ငွေတံဆိပ်ဆု ကိုးဆု၊ ကြေးတံဆိပ်ဆု ၁၂ ဆုအထိ ချီးမြှင့်ခဲ့ပါသည်။ ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ကျင်းပရေးဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီတို့က ပဉ္စမအကြိမ်အမျိုးသားအားကစားပွဲတော်ကို နိုင်ငံတော်အဆင့်နှင့်အညီ ပြည်သူများလာရောက်အားပေးကြည့်ရှုနိုင်ရန်လည်း စနစ်တကျစီစဉ်ဆောင်ရွက်နိုင်ခဲ့ပါသည်။

ထို့အတူ ဖွင့်ပွဲအခမ်းအနားကိုလည်း တိုင်းဒေသကြီးနှင့်ပြည်နယ်အလံများနှင့် အမျိုးသားအားကစားပွဲတော်အလံကို Free Fall ဖြင့် ကွင်းအတွင်း သယ်ဆောင်ခြင်း၊ ကျောင်းသား၊ ကျောင်းသူများ၏ သရုပ်ဖော်အကအလှများနှင့်အတူ ဖျော်ဖြေရေးအစီအစဉ်များ၊ နည်းပညာပိုင်းဆိုင်ရာ ပြကွက်များနှင့်ဖွင့်ပွဲ၊ ပိတ်ပွဲအထိမ်းအမှတ် မီးရှူး၊ မီးပန်းများ အလှဆင်ပစ်ဖောက်ခြင်းအစီအစဉ်များဖြင့် နိုင်ငံတော်အဆင့်နှင့်အညီ စည်ကားသိုက်မြိုက်စွာ ဖွင့်လှစ်ခဲ့ပြီဖြစ်သည်။

ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ယခင်ကအောင်မြင်မှုရရှိခဲ့ကြသည့် အသင်းကြီးများက ဆက်လက်အောင်မြင်မှုရရှိရေးကြိုးပမ်းကြရန်နှင့် အောင်မြင်မှုမရရှိခဲ့ကြသည့် အသင်းများကလည်း ယခုတစ်ကြိမ်တွင် အောင်မြင်မှုရရှိရေးအတွက် ကြိုတင်ပြင်ဆင် စခန်းသွင်းလေ့ကျင့်၍ ပြိုင်ပွဲဝင်လျက်ရှိကြသည်။

**အတွေ့အကြုံကောင်းများရရှိခဲ့**

ပထမအကြိမ် အမျိုးသားအားကစားပွဲတော်ကို ၁၉၉၂ ခုနှစ် မေလ ၃ ရက်မှ ၁၄ ရက်အထိ ရန်ကုန်မြို့တွင်ကျင်းပခဲ့ပြီး ပြိုင်ပွဲတွင် ဝန်ကြီးဌာနများအဆင့်၊ ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့်၊ တပ်မတော် (ကြည်း၊ ရေ၊ လေ)၊ တိုင်း/တပ်မဌာနချုပ်များ၊ တက္ကသိုလ် (အထက်/အောက်မြန်မာပြည်)အဆင့်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး အခြေခံကျောင်းသားအဆင့်ဟူ၍ အဆင့်သုံးဆင့်ခွဲကာ အားကစားနည်း ၂၂ မျိုး ထည့်သွင်းကျင်းပခဲ့ရာ ပြိုင်ပွဲဝင်အသင်းပေါင်း ၇၂ သင်း၊ အားကစားသမား ၁၀၁၂၉ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

ဒုတိယအကြိမ် အမျိုးသားအားကစားပွဲတော်ကို ၁၉၉၄ ခုနှစ် ဇန်နဝါရီလ ၂၅ ရက်မှ ဖေဖော်ဝါရီလ ၆ ရက်အထိ ရန်ကုန်မြို့တွင်ကျင်းပခဲ့ပြီး ပြိုင်ပွဲတွင် ဝန်ကြီးဌာနများအဆင့်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်ဟူ၍ နှစ်ဆင့်ခွဲကာ အားကစားနည်း ၂၄ မျိုး ထည့်သွင်းကျင်းပခဲ့ရာ ပြိုင်ပွဲဝင်အသင်းပေါင်း ၄၀၊ အားကစားသမား ၈၇၀၄ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

တတိယအကြိမ် အမျိုးသားအားကစားပွဲတော်ကို ၁၉၉၇ ခုနှစ် ဇန်နဝါရီလ ၁၁ ရက်မှ ၂၄ ရက်အထိ ရန်ကုန်မြို့တွင်ကျင်းပခဲ့ပြီး ပြိုင်ပွဲတွင် ဝန်ကြီးဌာနများအဆင့်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး၊ တက္ကသိုလ်များ(အထက်/အောက်)ဟူ၍ အဆင့်နှစ်ဆင့်ခွဲကာ အားကစားနည်း ၂၉ မျိုး ထည့်သွင်းကျင်းပခဲ့ရာ ပြိုင်ပွဲဝင်အသင်း ၅၅ သင်း၊ အားကစားသမား ၁၁၃၇၅ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

စတုတ္ထအကြိမ် အမျိုးသားအားကစားပွဲတော်ကို ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက်မှ ၂၈ ရက်အထိ နေပြည်တော်တွင်ကျင်းပခဲ့ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ် အလွတ်တန်းအဆင့် တစ်မျိုးတည်းသာ ပါဝင်ပြီး အားကစားနည်း ၂၇ မျိုးနှင့် မသန်စွမ်းအားကစားနည်းလေးမျိုး ထည့်သွင်းကျင်းပခဲ့ရာ ပြိုင်ပွဲဝင်အသင်း ၁၅ သင်း၊ အားကစားသမား ၄၃၆၁ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ အမျိုးသားအားကစားပွဲတော်များ၏ရလဒ်သည် နိုင်ငံတော်၏အားကစားအဆင့်အတန်း တိုးတက်မြင့်မားစေရေးသာမက တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကိုလည်း များစွာအထောက်အကူပြုခဲ့သည်။

ထို့ပြင် ပထမအကြိမ်၊ ဒုတိယအကြိမ်နှင့် တတိယအကြိမ် အမျိုးသားအားကစားပွဲတော်အတွေ့အကြုံများကြောင့် ၂၀၁၃ ခုနှစ် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ် နေပြည်တော်၌ ကြီးကျယ်ခမ်းနားစွာ ကျင်းပနိုင်ခဲ့ခြင်းဖြစ်သည်။

အိမ်ရှင်နိုင်ငံအဖြစ်ကျင်းပခဲ့သည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် စာရေးသူကိုယ်တိုင် တာဝန်ထမ်းဆောင်ခွင့်ရရှိခဲ့ခြင်းကြောင့် ကြီးကျယ်ခမ်းနားစွာကျင်းပနိုင်ခဲ့သည်ကို ရင်သပ်ရှုမောဖွယ်တွေ့ရှိခံစားခဲ့ရသည့် ဘဝတစ်သက်မမေ့နိုင်သည့် အတွေ့အကြုံကောင်းများပင်ဖြစ်ခဲ့ရာ ယခု ထိုကဲ့သို့သောခံစားချက်မျိုး ပြန်လည်ခံစားရသဖြင့် အလွန်စိတ်လှုပ်ရှားပျော်ရွှင်မိသည်။

**ထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှင့်**

၂၀၁၅ ခုနှစ်နောက်ပိုင်း အကြောင်းအမျိုးမျိုးကြောင့် အမျိုးသားအားကစားပွဲတော်ကို မကျင်းပနိုင်ခဲ့သော်လည်း ယခုနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်တွင် မြန်မာ့အားကစားအဆင့်အတန်း

**စာမျက်နှာ ၉ သို့** ●

● စာမျက်နှာ ၈ မှအဆက်

တိုးတက်မြင့်မားရေး၊ နိုင်ငံတကာအဆင့်ပြိုင်ပွဲများတွင် အောင်မြင်မှုများရရှိရေးအတွက် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနကို ပြန်လည်ဖွဲ့စည်းကာ ဘက်ပေါင်းစုံမှ အားပေးမြှင့်တင်ဆောင်ရွက်ခဲ့သည်။ ထို့ကြောင့် နိုင်ငံတကာပြိုင်ပွဲများတွင် အထိုက်အလျောက်အောင်မြင်မှုများ ပြန်လည်ရရှိလာခဲ့သည်။

နိုင်ငံတကာအဆင့်ပြိုင်ပွဲများတွင် ဆုတံဆိပ်များ ဆွတ်ခူးရရှိခဲ့သော နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများကိုလည်း ဆုကြေးငွေများ ထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှင့်ခဲ့ရုံမက တစ်ချိန်က နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားဟောင်းကြီးများကိုလည်း လစဉ်ထောက်ပံ့ကြေးများ၊ ဘွဲ့ထူးဂုဏ်ထူးများ ချီးမြှင့်ပေးခဲ့ပြန်သည်။

**ဦးတည်ချက်များကိုလက်တွေ့အကောင်အထည်ဖော်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ဦးတည်ချက်(၉)ရပ်မှ လူမှုရေးဦးတည်ချက်တွင် တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေးနှင့် နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေးဟူသည့် ဦးတည်ချက်များကို ထည့်သွင်းချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

အမျိုးသားအားကစားပွဲတော်ကျင်းပခြင်းသည်လည်း အဆိုပါလူမှုရေးဦးတည်ချက်လုပ်ငန်းများကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ခြင်းပင်ဖြစ်သည်။ အားကစားဆောင်ရွက်ခြင်းဖြင့် မျိုးချစ်စိတ်၊ တိုင်းချစ်ပြည်ချစ်စိတ်များနှင့် အမျိုးသားရေးစရိုက်လက္ခဏာတို့ကို ရှင်သန်ထက်မြက်စေပြီး တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်စေမည်ဖြစ်သည်။

အားကစားကဏ္ဍကိုမြှင့်တင်ခြင်းသည် နိုင်ငံတော်ကိုကာကွယ်စောင့်ရှောက်ခြင်း၊ နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုအလုံးစုံကို အားပေးကူညီခြင်းပင်ဖြစ်သည်။ ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်မှ တစ်ဆင့် ကမ္ဘာနှင့်ရင်ပေါင်တန်းနိုင်မည့် လူငယ်မျိုးဆက်သစ်များကိုမွေးထုတ်ပေးနိုင်ခြင်း၊ ပြိုင်ပွဲများယှဉ်ပြိုင်အောင်နိုင်ခြင်းမှတစ်ဆင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးမြှင့်ရရှိလာနိုင်ခြင်း၊ အားကစားသမားတိုင်း၏အိပ်မက်ဖြစ်သည့် နိုင်ငံ့လက်ရွေးစင်အားကစားသမားများဖြစ်လာနိုင်ခြင်း စသည့်အခွင့်အလမ်းကောင်းများစွာကို ရရှိစေနိုင်မည်ဖြစ်သည်။ အားကစားသမားများသည် ရွှေရောင်ဆုတံဆိပ်များကို ပိုင်ဆိုင်နိုင်ရန်ကြိုးစားကာ အနာဂတ်အိပ်မက်များကို အကောင်အထည်ဖော်နိုင်ကြတော့မည်ဖြစ်သည်။

ထို့ပြင် ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် တိုင်းရင်းသားများ ပေါင်းစည်း၍ နွဲပျော်ရခြင်းဖြင့် ပြည်နယ်၊ တိုင်းဒေသကြီးများနှင့် ဝန်ကြီးဌာနများအကြား၊ မသန်စွမ်းလူငယ်များအပါအဝင် တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး ခင်မင်ရင်းနှီးမှုများရရှိကာ ပြည်ထောင်စုစိတ်ဓာတ်ထာဝစဉ်ရှင်သန်၍ အမိပြည်ထောင်စုကြီးကို ကာကွယ်စောင့်ရှောက်လိုသည့် စစ်မှန်သည့် မျိုးချစ်စိတ်နှင့် ကြံ့ခိုင်သန်စွမ်းသည့် စိတ်ဓာတ်ခွန်အားများ ရရှိလာစေနိုင်မည်ဖြစ်ပါကြောင်း ဂုဏ်ပြုရေးသားလိုက်ရပါသည်။ ။

# မိတ္ထီလာမြို့နယ်တွင် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုစစ်ဆေး

**မိတ္ထီလာ ဒီဇင်ဘာ ၉**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်အတွင်းရှိ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှအကောင်အထည်ဖော်ဆောင်ရွက်ထားရှိသည့် ဖွံ့ဖြိုးရေးလုပ်ငန်းများအား တာဝန်ရှိသူများက ဒီဇင်ဘာလ ၈ ရက်တွင် ကွင်းဆင်းစစ်ဆေးကြောင်း သိရသည်။

မိတ္ထီလာခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်ဝင်း၊ မြို့နယ်ဦးစီးမှူး ဦးချမ်းငြိမ်းဝင်းနှင့် တာဝန်ရှိသူများက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်သည့် လိန်တောကျေးရွာရှိ မြစိမ်းရောင်ချေးငွေဖြင့် ဆောင်ရွက်သည့်လုပ်ငန်းများ၊ နတ်ကြီးကုန်းကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေ ၅၀ ရာခိုင်နှုန်းမှ ၁၅ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ်နှစ်သန်း၊ စုစုပေါင်း ငွေကျပ် ၁၇ သန်းဖြင့် အရှည်ပေ ၅၄၀၊ အကျယ် ၁၂ ပေ၊ ထု ၆ လက်မရှိ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေနှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ဖြင့် ဆောင်ရွက်သည့် အရှည်ပေ ၆၆၀၊ အကျယ် ၁၂ ပေ၊ ထု ၆ လက်မရှိ ရွာသစ်ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကွင်းဆင်းစစ်ဆေးသည်။

ဆက်လက်၍ ခရိုင်ဦးစီးမှူး၊ မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့၊ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းကော်မတီဝင်များနှင့် တွေ့ဆုံ၍ စီမံကိန်းအောင်မြင်စွာလည်ပတ်နိုင်ရန်အတွက် ကော်မတီနှင့် ကျေးရွာသူ၊ ကျေးရွာသားများ စည်းလုံးညီညွတ်မှုရှိကြရန်၊ ရရှိပြီးသော စီမံကိန်းလုပ်ငန်းများကို တန်ဖိုးထားရန်နှင့် ရေရှည်တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်ရန် မှာကြားကြောင်း သိရသည်။ (၆၀၂)

# စစ်ကိုင်းမြို့၌ စာဖတ်ရှိန်မြှင့်တင်ရေးနှင့် ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြော

**စစ်ကိုင်း ဒီဇင်ဘာ ၉**

စစ်ကိုင်းခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာရေးဦးစီးဌာနတို့ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေးနှင့် ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲကို ဒီဇင်ဘာလ ၉ ရက် နံနက် ၁၀ နာရီတွင် စစ်ကိုင်းမြို့ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) (သောတပန်)၌ ကျင်းပသည်။



ရှေးဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးနေလင်းအောင်က အနာဂတ်တွင် နိုင်ငံတော်မှအားထားရမည့် ကျောင်းသား၊ ကျောင်းသူလူငယ်များအား ဗလငါးတန်နှင့်ပြည့်စုံစေရန်၊ အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရန်၊ အမှား၊ အမှန်ဝေဖန်ပိုင်းခြားတတ်စေရန်အတွက် စာအုပ်၊ စာစောင်များကို လေ့လာဖတ်ရှုကြရေး၊ စာဖတ်သည့် အလေ့အကျင့်ကောင်းများကို ငယ်စဉ်ကတည်းက ဖန်တီးကြရေး စသည့် စာဖတ်ရှိန်မြှင့်တင်ရေးဆိုင်ရာ သိကောင်းစရာများကိုလည်းကောင်း၊ ဦးစီးအရာရှိ ဒေါ်ဥမ္မာဝင်းက ကလေးအလုပ်သမား၏ အဓိပ္ပာယ်၊ ကလေးအလုပ်သမားပပျောက်ရေးရည်မှန်းချက်(၃)ရပ်၊ ကလေးအလုပ်သမားများ၏ အသက်အရွယ်နှင့် အလုပ်ချိန်ကန့်သတ်ချက်များ၊ ကလေးအလုပ်သမားနှင့်စပ်လျဉ်းသည့် အပြည်ပြည်ဆိုင်ရာပြဋ္ဌာန်းချက်များ စသည့်သိကောင်းစရာများကိုလည်းကောင်း ဆွေးနွေးဟောပြောခဲ့ကြပြီး အသိပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးကြသည်။

အဆိုပါအသိပညာပေးဟောပြောပွဲတွင် စစ်ကိုင်းခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စာဖတ်ရှိန်မြှင့်တင်ရေးနှင့်ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာအသိပညာပေးနံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲများခင်းကျင်းပြသရာ ကျောင်းသား၊ ကျောင်းသူများက ကြည့်ရှုလေ့လာကြကြောင်း သိရသည်။ **ဇော်မြင့်နိုင်**

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့်သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်းဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး (နေပြည်တော်)
(၁) ၀၆၇- ၃၄၀၄၉၁၁၊ ၀၆၇- ၃၄၀၄၉၂၂၊ ၀၆၇- ၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS)၀၉- ၂၅၅၀၀၂၅၀၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
(၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၉

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၀

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
(၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု(SMS) ၀၉- ၂၅၅၀၀၂၅၁၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
(၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၂

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
(၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၃

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
(၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၄

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
(၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉- ၂၅၅၀၀၂၅၁၅

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
(၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့်တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် သတင်းထုတ်ပြန်ချက် (၁၂/ ၂၀၂၄)

၁။ လူသားအားလုံးအတွက် လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များကို ထည့်သွင်းဖော်ပြထားသော ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းကို ကုလသမဂ္ဂက ၁၉၄၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့ပြီး ထိုနေ့ကို အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့အဖြစ် သတ်မှတ်ခဲ့သည်မှာ ယနေ့တွင် (၇၆) နှစ်ပြည့်မြောက်ခဲ့ပြီ ဖြစ်ပါသည်။

၂။ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း အတည်ပြုထုတ်ပြန်ခဲ့သည့်အချိန်မှစ၍ ကမ္ဘာ့နိုင်ငံများတွင် နိုင်ငံသားများ၏ လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များကို မြှင့်တင်ကာကွယ်ရန် ကြိုးပမ်းခဲ့ကြပါသည်။ မြန်မာနိုင်ငံသည် ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းအတည်ပြုချမှတ်ချိန်တွင် ပါဝင်ထောက်ခံခဲ့ရုံသာမက နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြည်တွင်းဥပဒေများတွင်လည်း ကြေညာစာတမ်းပါလူ့အခွင့်အရေးစံများကို လိုက်လျောညီထွေစွာထည့်သွင်းပြဋ္ဌာန်းထားပါသည်။ ထို့ပြင် အဓိက အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးသဘောတူစာချုပ်ကြီးများအနက် စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်၊ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာသဘောတူစာချုပ်နှင့် နောက်ဆက်တွဲစာချုပ် (၂) ခု၊ အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုပပျောက်ရေးဆိုင်ရာ သဘောတူစာချုပ်နှင့် မသန်စွမ်းသူများအခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်တို့တွင် အဖွဲ့ဝင်အဖြစ် ပါဝင်ချုပ်ဆိုထားပါသည်။

၃။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိရာ ၂၀၂၄ ခုနှစ် တစ်နှစ်တာအတွင်း လူ့အခွင့်အရေး အသိပညာပေးဆွေးနွေးဟောပြောပွဲများနှင့် သင်ခန်းစာပို့ချမှုများ စုစုပေါင်း (၆၃) ကြိမ်ပြုလုပ်နိုင်ခဲ့ပြီး သင်တန်းသားပေါင်း (၈၃၉၁) ဦးကို အသိပညာမျှဝေပေးနိုင်ခဲ့ပါသည်။ လူ့အခွင့်အရေးဖောက်ဖျက်ခံရသည်ဆိုသော တိုင်တန်းချက် (၂၁၄) စောင်ကို စိစစ်ဆောင်ရွက်ခြင်း၊ အကျဉ်းထောင်/အချုပ်ထောင် (၁၀) ခု၊ အကျဉ်းစခန်း (၁၂) ခု၊ ရဲစခန်းအချုပ်ခန်း (၁၈) ခု၊ တရားရုံးအချုပ်ခန်း (၁၅) ခု၊ ဘိုးဘွားရိပ်သာ (၁၀) ခု၊ အမျိုးသမီး သက်မွေးသင်တန်းကျောင်း (၃) ကျောင်း၊ မသန်စွမ်းသက်ငယ်သင်တန်းကျောင်း (၁) ကျောင်းနှင့် လူငယ်သင်တန်းကျောင်း (၅) ကျောင်းတို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးမှုများပြုလုပ်ကာ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာအကြံပြုချက်ပေါင်း (၂၉၃) ချက်ကို သက်ဆိုင်ရာဝန်ကြီးဌာန/အဖွဲ့အစည်းများသို့ ပေးပို့ခဲ့ပါသည်။ တည်ဆဲဥပဒေ၊ အဆိုပြုထားသော ဥပဒေကြမ်းများနှင့် စပ်လျဉ်း၍ လူ့အခွင့်အရေးဆိုင်ရာ ဥပဒေအကြံပြုစာ (၆) စောင် ပေးပို့ခြင်း၊ အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှု ပပျောက်ရေးဆိုင်ရာ သဘောတူစာချုပ် (Convention on the Elimination of all forms of Discrimination against Women – CEDAW) နှင့် မသန်စွမ်းသူများအခွင့်အရေးဆိုင်ရာသဘောတူစာချုပ် (Convention on the Rights of Persons with Disabilities – CRPD) တို့ကို ဘာသာပြန်ဆိုပုံနှိပ်ခြင်းနှင့် လူ့အခွင့်အရေးနှင့် စပ်လျဉ်းသည့် နိုင်ငံတကာနှင့် ဒေသဆိုင်ရာအစည်းအဝေးများသို့ (၂၈) ကြိမ် ပါဝင်တက်ရောက်ခြင်းတို့ ဆောင်ရွက်နိုင်ခဲ့ပါသည်။ ထို့ပြင် လူ့အခွင့်အရေးနှင့်စပ်လျဉ်းသည့် အများပြည်သူသို့ သတင်းထုတ်ပြန်ချက် (၁၂) စောင်နှင့် ကော်မရှင်၏ လုပ်ငန်းဆောင်ရွက်မှု သတင်းဖော်ပြချက် (၁၀၃) ခုကို ထုတ်ပြန်ခဲ့ပါသည်။

၄။ ၂၀၂၄ ခုနှစ်တွင် ကျရောက်သော (၇၆)နှစ်မြောက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့အတွက် ကုလသမဂ္ဂက ချမှတ်သည့် ဆောင်ပုဒ်မှာ **“ဒို့အခွင့်အရေး၊ ဒို့အနာဂတ်၊ ယခုကစလို့ ဆောင်ကြဉ်းအပ်” "Our Rights, Our Future, Right Now."** ဖြစ်ပါသည်။

၅။ တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးကာ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ပြီး သာယာဝပြောသော နိုင်ငံတော်ကို တည်ဆောက်ရာတွင် ပြည်သူတစ်ရပ်လုံးက လူ့အခွင့်အရေးကို လေးစားလိုက်နာကျင့်သုံးခြင်းဖြင့် ပိုမိုကောင်းမွန်သောအနာဂတ်ကို ဖန်တီးတည်ဆောက်ကြရန် ယနေ့ကျရောက်သော အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ကို ဂုဏ်ပြုလျက် တိုက်တွန်းအပ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်

# အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ (ICRC)၏ ဌာနေကိုယ်စားလှယ် အသစ်ကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း လက်ခံတွေ့ဆုံ



နေပြည်တော် ဒီဇင်ဘာ ၉

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် တာဝန်ပြီးဆုံး၍ မြန်မာနိုင်ငံမှ ပြန်လည်ထွက်ခွာမည့် အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ(ICRC)မှ ဌာနေကိုယ်စားလှယ် Ms. Elena Ajmone Sessera နှင့် ICRC ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်အသစ်အဖြစ် ခန့်အပ်ခြင်းခံရသည့် Mr. Arnaud de Baecque တို့ကို ယနေ့ နံနက်ပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ကျန်းမာရေးဝန်ကြီးဌာနနှင့် ICRC အဖွဲ့တို့အကြား ပူးပေါင်းဆောင်ရွက်နေသည့် ကျန်းမာရေးစောင့်ရှောက်မှု ကိစ္စရပ်များ၊ ခြေတုလက်တုထုတ်လုပ်တပ်ဆင်ရေးအလုပ်ရုံများနှင့် ပြန်လည်သန်စွမ်းရေးဌာနများကို အဆင့်မြှင့်တင်ရန် နည်းပညာပိုင်းဆိုင်ရာနှင့် လူ့စွမ်းအားအရင်းအမြစ် သင်ကြားပို့ချရေးဆိုင်ရာ ကိစ္စရပ်များ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများအပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့မှုများနှင့် လက်ရှိ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်ကိစ္စရပ်များ၊ ဆက်လက်ပူးပေါင်းဆောင်ရွက်မည့် ကိစ္စရပ်များကို ရင်းနှီးခင်မင်စွာဆွေးနွေးပြီး တာဝန်ပြီးဆုံး၍ မြန်မာနိုင်ငံမှ ပြန်လည်ထွက်ခွာမည့် Ms. Elena Ajnone Sessera ကို ပြည်ထောင်စုဝန်ကြီးက အမှတ်တရ လက်ဆောင်ပေးအပ်သည်။

တွေ့ဆုံပွဲသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့် ICRC မှကိုယ်စားလှယ်များတက်ရောက်ခဲ့ကြကြောင်းသိရသည်။

**(သတင်းစဉ်)**

# “ပြည်သူ့ကြားက ပြည်သူ့စကား”အစီအစဉ်

မျက်မှောက်ခေတ်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ **“ပြည်သူ့ကြားက ပြည်သူ့စကား”** အစီအစဉ်မှ **“အစွန်းရောက်အကြမ်းဖက်တွေရဲ့ တော်လှန်ရေးခေါင်းစဉ်အောက်မှာ အသက်၊ ငွေကြေး၊ ဘဝတွေ ရင်းနှီးနေရသောပြည်သူများ”** ခေါင်းစဉ်ဖြင့် ၁၁-၁၂-၂၀၂၄ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **“လက်နက်ကိုင်သောင်းကျန်းသူများရဲ့အဓမ္မဆက်ကြေးကောက်လမ်းစဉ်ကို ဖဝါးထပ်လိုက်လာတဲ့ အကြမ်းဖက် PDF တွေကြောင့် အညာဒေသမှတောင်သူများဒုက္ခရောက်နေ”** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီအချိန်မှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

# အာဆီယံ - တရုတ်စင်တာအတွင်းရေးမှူးချုပ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် လက်ခံတွေ့ဆုံ



နေပြည်တော် ဒီဇင်ဘာ ၉

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်သည် ယမန်နေ့ညနေပိုင်းက ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ဖွင့်ပွဲအခမ်းအနားတက်ရောက်မည့် ပေကျင်းမြို့အခြေစိုက် အာဆီယံ-တရုတ်စင်တာ(ASEAN China Centre-ACC)၏ အတွင်းရေးမှူးချုပ် Mr. Shi Zhongjun ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်မြို့ရှိ ဆီဒိုးနားဟိုတယ်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ခရီးစဉ်ဒေသများ၊ ခရီးသွားဆွဲဆောင်ရာနေရာများကို တရုတ်နိုင်ငံသားခရီးသည်များ မိုပိုသိရှိလာရောက်လည်ပတ်ရေး၊ ကောင်းမွန်သောဝန်ဆောင်မှုများ ပေးနိုင်ရန် တရုတ်ဘာသာစကားသင်တန်းများကိုဖွင့်လှစ်သင်ကြားပေးနိုင်ရေး၊ နှစ်နိုင်ငံခရီးသွားလုပ်ငန်းများတွင် ပုဂ္ဂလိကကဏ္ဍမှ ပိုမိုပါဝင်လာနိုင်ရေး၊ မြန်မာနိုင်ငံ၏ဟိုတယ်နှင့်ခရီးသွားကဏ္ဍတွင် တရုတ်နိုင်ငံမှရင်းနှီးမြှုပ်နှံရေး၊ နှစ်နိုင်ငံခရီးသွားလုပ်ငန်းပူးပေါင်းဆောင်ရွက်မှု အားကောင်းလာစေရေးနှင့် ဝန်ကြီးဌာနနှင့်အာဆီယံ-တရုတ်စင်တာတို့ ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီပံ့ပိုးနိုင်ရေးတို့နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးက အာဆီယံ-တရုတ်စင်တာအတွင်းရေးမှူးချုပ်နှင့်အဖွဲ့အား ညစာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ကုလသမဂ္ဂခရီးသွားလုပ်ငန်းအဖွဲ့ (UN Tourism)နှင့် ဗီယက်နမ်နိုင်ငံ ယဉ်ကျေးမှုအားကစားနှင့်ခရီးသွားလုပ်ငန်းဝန်ကြီးဌာနတို့ ပူးပေါင်းစီစဉ်မှုဖြင့် ဗီယက်နမ်နိုင်ငံ ဟွိုင်အန်းမြို့၌ ဒီဇင်ဘာလ ၁၀ ရက်မှ ၁၁ ရက်အထိ ကျင်းပမည့် ပထမအကြိမ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ခရီးသွားလုပ်ငန်းညီလာခံတက်ရောက်ရန် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ထွက်ခွာသွားကြောင်း သိရသည်။

**(သတင်းစဉ်)**






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့် အခမ်းအနားတက်ရောက်လာကြသူများက သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနအနုပညာဦးစီးဌာနမှ အနုပညာရှင်များ၏ မြန်မာ့သမိုင်းစဉ်တစ်လျှောက်အထင်အရှားရှိခဲ့သည့်ခေတ်ဖခေတ်ကိုကိုယ်စားပြုသည့် ယိမ်းအကများဖြင့် သရုပ်ဖော်တင်ဆက်မှုကို ကြည့်ရှုအားပေးစဉ်။














မြန်မာနိုင်ငံမသန်စွမ်းအားကစားအဖွဲ့ချုပ်၊မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်၊မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံးတို့မှအဖွဲ့ဝင်များ၊ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် နှင့် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်တို့မှ ကျောင်းသား၊ ကျောင်းသူများ၏ သရုပ်ပြဖျော်ဖြေမှုများ၊ တေးသီချင်းများဖြင့် သီဆိုတင်ဆက်မှုများကို တွေ့ရစဉ်။

☆ **စာမျက်နှာ ၁၅ မှအဆက်**
ဗိုလ်ကြီးတင်အောင်(ဂိုး)၊ ဦးအေးမောင်ကြီး၊ ဦးသန်းစိုး(ခ)ဆပ်သီး၊ ဦးနန္ဒကျော်စွာ၊ ဦးဘုန်းမြင့်၊ ဦးမြင့်အောင်၊ ဦးသန့်ဇင်၊ ဒေါ်ဂျနီဖာတင်လေး၊ ဒေါ်သန်းသန်း၊ ဒေါ်မာမာမင်း၊ ဒေါ်ခင်မူမူ၊ ဒေါ်နုနုရီ၊ ဗိုလ်မှူးမြင့်စိုး၊ ဒေါ်ကျင်လွမ်တို့ကဲ့သို့ပုဂ္ဂိုလ်များသည် ယနေ့ထိတိုင် သက်ရှိထင်ရှား ကျန်းမာစွာဖြင့်အားကစားလုပ်ငန်းများကို တတ်စွမ်းသရွေ့ထမ်းဆောင်လျက်ရှိနေကြကြောင်း၊ ယင်းအတွက် များစွာဂုဏ်ယူပါကြောင်းကို ထည့်သွင်းပြောကြားလိုကြောင်း။

ခေတ်အဆက်ဆက်က မိမိတို့၏ တိုင်းရင်းသားညီအစ်ကို နိုင်ငံ့လက်ရွေးစင် အားကစားသမားများသည် နိုင်ငံတကာပြိုင်ပွဲများတွင် ဆုတံဆိပ်များဆွတ်ခူးပေးခဲ့ကြောင်း၊ မိမိတို့၏ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံကို နိုင်ငံတကာအလယ်တွင် အလံတိုင်ထိပ်ရောက်အောင် လွှင့်ထူစေနိုင်ခဲ့ပြီး **စာမျက်နှာ ၁၂ သို့** ☆





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ ဖျော်ဖြေတင်ဆက်ကြသူများနှင့် အခမ်းအနားတက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လက်ပြနှုတ်ဆက်စဉ်။

⭑ **စာမျက်နှာ ၁၁ မှအဆက်**

တာဝန်ကျေပွန်ခဲ့ကြကြောင်း၊ ထို့ကြောင့် နိုင်ငံတကာပြိုင်ပွဲများတွင် မြန်မာ့အလံကို တိုင်ထိပ်ရောက်အောင် လွှင့်ထူနိုင်စွမ်းရှိသည့် အားကစားအောင်မြင်မှုများသည် နိုင်ငံ့ဂုဏ်သိက္ခာကို အလွန်မြင့်မားစေပြီး နိုင်ငံ၏အဆင့်အတန်းကို မြှင့်တင်ပေးခြင်းဖြစ်သည့်အတွက် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေးကို နိုင်ငံသားတိုင်းက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြရန် အလေးအနက်မှာကြားလိုကြောင်း။

လူငယ်များ၏ပညာရေးနှင့်ကျန်းမာရေးကို အားကစားကဏ္ဍနှင့်ပေါင်းပြီး တိုးမြှင့်ဆောင်ရွက်နိုင်ရန် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ထူးချွန်အားကစားသမားတွေ ပေါ်ထွက်ရေးအတွက် လူထုအားကစား Mass Sports အဆင့်မှ Excellent Sports အဆင့်ထိ လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်လျက်ရှိသောကြောင့် ကျောင်းသားလူငယ်များနှင့် မသန်စွမ်းသူများအပါအဝင် ပြည်သူတစ်ရပ်လုံးက လိုက်ပါဆောင်ရွက်နိုင်ကြရန်လိုအပ်ကြောင်း၊ မိမိတို့အစိုးရအဖွဲ့အနေဖြင့် အားကစားကဏ္ဍကို အလေးထား မြှင့်တင်ဆောင်ရွက်ပေးနေသည့်အတွက် ယခုအချိန်တွင် နိုင်ငံ၏အားကစားအဆင့်အတန်းသည် ပြန်လည်ဦးမော့လာနေပြီဖြစ်ကြောင်း၊ တိုးတက်အောင်မြင်မှုအထိုက်အလျောက်ရနေပြီလည်းဖြစ်ကြောင်း၊ အားလုံးက ထိုအပေါ်တွင် ကျေနပ်မနေဘဲ ယခုထက် ပိုပြီးအောင်မြင်အောင်၊ အတိတ်ကကဲ့သို့ အောင်မြင်မှုမျိုးရရှိအောင်၊ နိုင်ငံတကာအလယ်တွင် မြင့်မြင့်မားမားရပ်တည်နိုင်အောင် **"မြန်မာ့အားကစား ကမ္ဘာကိုလွှမ်းရမည်"**ဟူသည့် ရည်မှန်းချက်အတိုင်း



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ နိုင်ငံ့ဂုဏ်ဆောင်ခဲ့ကြသည့် အားကစားသမားဟောင်းကြီးများနှင့်အနုပညာရှင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



၂၀၂၄ ခုနှစ်၊ ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်ဖွင့်ပွဲအခမ်းအနား အောင်မြင်ခြင်းအထိမ်းအမှတ်အဖြစ် မီးရှူးမီးပန်းများကိုပစ်ဖောက်စဉ်။

**❒ ပညာရေးဝန်ကြီးဌာနအနေဖြင့်လည်း ကျောင်းသားလူငယ်တိုင်း အားကစားနည်းတစ်မျိုးမျိုးကို ပါဝင်ကစားစေရေး စီမံကိန်းချမှတ်ဆောင်ရွက်ခြင်းနှင့် အားကစားပြက္ခဒိန်ရေးဆွဲပြီး အခြေခံပညာအဆင့်မှ ကောလိပ်၊ တက္ကသိုလ်အဆင့်ပြိုင်ပွဲများကို နှစ်စဉ်ကျင်းပဆောင်ရွက်ပေးနိုင်ခြင်းတို့ကို စီစဉ်ဆောင်ရွက်ပေးသွားရမည်ဖြစ်. . .**

ဆက်လက်ကြိုးပမ်းသွားကြရန်တိုက်တွန်းမှာကြားလိုကြောင်း။

မိမိတို့အနေဖြင့် နိုင်ငံတကာအဆင့်ပြိုင်ပွဲများတွင် ဆုတံဆိပ်များဆွတ်ခူးရရှိခဲ့ကြသည့် နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများကို ဆုကြေးငွေအပါအဝင် ဂုဏ်ပြုချီးမြှင့်မှုများကို ထိုက်ထိုက်တန်တန်တိုးမြှင့်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့ပြင် တစ်ချိန်က နိုင်ငံ့ဂုဏ်ဆောင်ခဲ့ကြသည့် အားကစားသမားဟောင်းကြီးများကိုလည်း ဂုဏ်ပြုသည့်အနေဖြင့် လစဉ်ထောက်ပံ့ကြေးများနှင့် ဘွဲ့ထူးဂုဏ်ထူးများချီးမြှင့်ပေးလျက်ရှိကြောင်း၊ ထို့ကြောင့် ယခုအားကစားပြိုင်ပွဲကြီးတွင် ပါဝင်ယှဉ်ပြိုင်ကြသည့် အားကစားသမားများအနေဖြင့်လည်းအောင်မြင်မှုရအောင်၊ နိုင်ငံ့လက်ရွေးစင်ဖြစ်အောင်၊ နိုင်ငံ့ဂုဏ်ဆောင်နိုင်အောင် ကြိုးစားယှဉ်ပြိုင်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

**စာမျက်နှာ ၁၃ သို့** ⭑

**❒ အားကစားသမားတိုင်းသည် သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများကိုလိုက်နာခြင်း၊ တရားမျှတစွာယှဉ်ပြိုင်ခြင်း၊ မလျှော့သည့်ဇွဲ၊ လုံ့လ၊ ဝီရိယ၊ သတ္တိတို့ဖြင့် အနိုင်မခံအရှုံးမပေးယှဉ်ပြိုင်သွားကြရမည်ဖြစ်၊ အနိုင်ရပါက ရှုံးနိမ့်သူကိုအားပေး ရန်၊ မိမိရှုံးခဲ့ပါကလည်း အရှုံးကိုလက်ခံပြီး အနိုင်ရသူကိုမုဒိတာပွားအားပေးရန်၊ ပြိုင်ပွဲအတွင်း ပြိုင်ဘက်ဖြစ်သူ ဘေးဒုက္ခတစ်စုံတစ်ရာဖြစ်လာပါကလည်း ကူညီခြင်းဖြင့် အားကစားယဉ်ကျေးမှုကို မြှင့်တင်. . .**

★ စာမျက်နှာ ၁၂ မှအဆက်

အားကစားကဏ္ဍ တိုးတက်အောင်မြင်ရေးဆောင်ရွက်ရာတွင်လည်း အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန တစ်ခုတည်းအင်အားဖြင့် ဆောင်ရွက်နိုင်ရန်မှာ အခက်အခဲများရှိနိုင်ကြောင်း၊ ဆက်စပ်ဝန်ကြီးဌာနများနှင့် အားကစားနည်းအလိုက် အဖွဲ့ချုပ်များကလည်း ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရန် လိုအပ်သကဲ့သို့ ပြည်သူတစ်ရပ်လုံးကလည်း အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့်ခံယူပြီး စိတ်ပါဝင်စားစွာဖြင့် ဝိုင်းဝန်းကူညီ ပေါင်းစပ်ဆောင်ရွက်ပေးကြရန်လိုအပ်ကြောင်း။

ပညာရေးနှင့်အားကစားကဏ္ဍ၏ဆက်စပ်မှုကိုပြောရမည်ဆိုပါက နိုင်ငံ၏ပညာရေးစနစ်သည် ကျောင်းသားဗဟိုပြုပညာရေးစနစ်ဖြစ်သည့်အတွက် အားကစားကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်ရန် အားသာချက်တစ်ရပ်ကဲ့သို့ဖြစ်နေကြောင်း၊ ထို့ကြောင့် ကျောင်းစာသင်ချိန်များတွင် အားကစားချိန်ကို ထည့်သွင်းပေးထားပြီး အားကစားနည်းတစ်ခုခုကိုမသင်မနေရသင်ကြားစေရေး ထည့်သွင်းပြဋ္ဌာန်းပေးထားကြောင်း၊ အားကစားကို အမှတ်ပေးစနစ်တွင် ထည့်သွင်းပေးခြင်း၊ အားကစားထူးချွန်သည့် ကျောင်းသား၊ ကျောင်းသူများကို အားကစားနှင့်ကာယပညာသိပ္ပံကျောင်းများသို့ တက်ရောက်နိုင်ရေးစီစဉ်ပေးခြင်းနှင့် အားကစားပညာသင်ဆုများ ချီးမြှင့်စေလွှတ်ခြင်းတို့ကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ပညာရေးဝန်ကြီးဌာနအနေဖြင့်လည်း ကျောင်းသားလူငယ်တိုင်း အားကစားနည်းတစ်မျိုးမျိုးကို ပါဝင်ကစားစေရေး စီမံကိန်းချမှတ်ဆောင်ရွက်ခြင်းနှင့် အားကစားပြက္ခဒိန်ရေးဆွဲပြီး အခြေခံပညာအဆင့်မှ ကောလိပ်၊ တက္ကသိုလ်အဆင့်ပြိုင်ပွဲများကို နှစ်စဉ် ကျင်းပဆောင်ရွက်ပေးနိုင်ခြင်းတို့ကို စီစဉ်ဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း၊ သို့မှသာ အားကစားနှင့်ပညာရေးပေါင်းစပ်လုပ်ငန်းများတွင် အဆင်ပြေချောမွေ့လာပြီး မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွက်လာမှုနှင့်အတူ မြန်မာ့အားကစား စဉ်ဆက်မပြတ်တိုးတက်ရေး (Sustainable Sports Development)ကို အထောက်အပံ့ ဖြစ်စေမည်ဖြစ်ကြောင်း။

မိမိတို့ အိမ်နီးချင်းနိုင်ငံတချို့တွင် ကျောင်းသားလူငယ် အားကစားပွဲတော်များမှကမ္ဘာ့လူငယ်စံချိန်သာမက ကမ္ဘာ့စံချိန်တို့ကိုပါ ချိုးနိုင်ခဲ့သည့် လူငယ်လက်ရွေးစင်များ ပေါ်ထွက်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံတွင်လည်း လာမည့်နှစ်များတွင် ကျောင်းသားနှင့်လူငယ် အားကစားပြိုင်ပွဲများ ကျင်းပနိုင်ရေးနှင့် ဝန်ကြီးဌာနပေါင်းစုံ ပြိုင်ပွဲများအပြင် အဆင့်မြင့်အားကစားပြိုင်ပွဲများ ကျင်းပနိုင်ရေးတို့ကို အားကစားပြက္ခဒိန်တွင်ထည့်သွင်းရေးဆွဲပြီး မြန်မာ့အားကစားအဆင့်အတန်း ပြန်လည်တိုးတက်အောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ယခုအမျိုးသားအားကစားပွဲတော်တွင် ပြည်နယ်နှင့် တိုင်းဒေသကြီးအားကစားပြိုင်ပွဲအတွက် အားကစားနည်း ၂၃ မျိုး၊ ဝန်ကြီးဌာန ပေါင်းစုံအားကစားပြိုင်ပွဲအတွက် အားကစားနည်း ၆ မျိုးနှင့် မသန်စွမ်းအားကစားပြိုင်ပွဲ ၄ မျိုးတို့ကို ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း။

ပြိုင်ပွဲဝင်ကြမည့် အားကစားသမားများနှင့် အသင်းများအနေဖြင့် မိမိတို့၏ ကျွမ်းကျင်မှု၊ ခွန်အား၊ သက်လုံ၊ နည်းစနစ်၊ စိတ်ဓာတ် စသည်တို့ကို မှတ်ကျောက်တင်ခံနိုင်သည့်အထိ ပြိုင်ပွဲဝင်ရန်ပြင်ဆင်လာခဲ့ကြပြီးဖြစ်ကြောင်း၊ ထို့ကြောင့် အားကစားပွဲတော်ကြီး၏ဂုဏ်ပုဒ်နှင့်အညီ အားကစားစိတ်ဓာတ်၊ အားကစားယဉ်ကျေးမှုကိုပါ မြင့်မြင့်မားမား လေးစားမြှင့်တင်ယှဉ်ပြိုင်သွားကြရန်တိုက်တွန်းမှာကြားလိုကြောင်း။

အားကစားပြိုင်ပွဲများ၏သဘောသဘာဝအတိုင်း ပြိုင်ဆိုင်မှု ပြင်းထန်လာသည်နှင့်အမျှ တစ်ဖက်နှင့်တစ်ဖက် အငြင်းအခုံများရှိမည်ဖြစ်ကြောင်း၊ သို့သော်လည်း အားကစားစိတ်ဓာတ်နှင့် အားကစားယဉ်ကျေးမှုကိုမြင့်မြင့်ထားပြီး ဂုဏ်သိက္ခာရှိစွာ ယှဉ်ပြိုင်ကြရန်ပြောကြားလိုကြောင်း၊ အားကစားသမားတိုင်းသည် သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများကို လိုက်နာခြင်း၊ တရားမျှတစွာယှဉ်ပြိုင်ခြင်း၊ မလျှော့သည့်ဇွဲ၊ လုံ့လ၊ ဝီရိယ၊ သတ္တိတို့ဖြင့် အနိုင်မခံအရှုံးမပေး ယှဉ်ပြိုင်သွားကြရမည်ဖြစ်ကြောင်း၊ ထို့အပြင်အနိုင်ရပါက ရှုံးနိမ့်သူကိုအားပေးရန်၊ မိမိရှုံးခဲ့ပါကလည်း အရှုံးကိုလက်ခံပြီး အနိုင်ရသူကို မုဒိတာပွားအားပေးရန်၊ ပြိုင်ပွဲအတွင်း ပြိုင်ဘက်ဖြစ်သူ ဘေးဒုက္ခ တစ်စုံတစ်ရာဖြစ်လာပါကလည်း ကူညီခြင်းဖြင့် အားကစားယဉ်ကျေးမှုကို မြှင့်တင်ကြရန် မှာကြားလိုကြောင်း။

တာဝန်ရှိသူများအနေဖြင့်လည်း ပြိုင်ပွဲအသီးသီးမှ ထွက်ပေါ်လာသည့် အရည်အသွေးမြင့် အားကစားသမားများကို စနစ်တကျစခန်းသွင်းလေ့ကျင့်ပေးပြီး (၃၃) ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် နိုင်ငံတကာပြိုင်ပွဲများကို ဝင်ရောက်ယှဉ်ပြိုင်နိုင်မည့် မြန်မာ့လက်ရွေးစင်အားကစားသမားကောင်းများ ဖြစ်လာအောင် လေ့ကျင့်ပေးသွားရမည် ဖြစ်ကြောင်း။

အားကစားဆောင်ရွက်ခြင်းသည် မျိုးချစ်စိတ်၊ တိုင်းပြည်ချစ်စိတ်များနှင့် အမျိုးသားရေးစရိုက်လက္ခဏာတို့ကို ရှင်သန်ထက်မြက်စေပြီး တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးကိုလည်း တိုးတက်မြင့်မားစေနိုင်ကြောင်း၊ ထို့ကြောင့် အားကစားသမားမောင်မယ်များအနေဖြင့် အားကစားစိတ်ဓာတ်အပြည့်ဖြင့် အနိုင်ရရှိအောင် ပါဝင်ယှဉ်ပြိုင်ကြပြီး ယခုအားကစားပွဲတော်မှ နိုင်ငံ့လက်ရွေးစင်အားကစားသမားများအဖြစ်မှတစ်ဆင့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများစွာပေါ်ထွက်မည်ဟု ယုံကြည်မျှော်လင့်ရင်း ပဉ္စမအကြိမ်မြောက်အမျိုးသားအားကစားပွဲတော်ကို ဖွင့်လှစ်ပေးလိုက်ကြောင်းဖြင့် ပြောကြားသည်။

မိန့်ခွန်းပြောကြားပြီးသည်နှင့် တစ်ပြိုင်နက် ၂၀၂၄ခုနှစ်၊ ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်ဖွင့်လှစ်ခြင်း အထိမ်းအမှတ် မီးရှူးမီးပန်းများပစ်ဖောက်ကြသည်။

ထို့နောက် ၂၀၂၄ ခုနှစ်၊ ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ် မီးရှူးတိုင်ကို မြန်မာ့လက်ရွေးစင် နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများက လက်ဆင့်ကမ်းသယ်ဆောင်ခဲ့ကြကာ အထူးတန်း ပွဲကြည့်စင်ရှေ့စင်မြင့်ပေါ်ရှိ မီးရှူးတိုင်တွင် မီးထွန်းညှိကြသည်။ ထိုသို့ မီးထွန်းညှိလိုက်သည်နှင့်တစ်ပြိုင်နက် ဝဏ္ဏသိဒ္ဓိအားကစားကွင်းကြီး၏ အရှေ့တောင်ထောင့် အပေါ်ဆုံးတွင်ရှိသည့် ပင်မအထိမ်းအမှတ် မီးရှူးတိုင်သည်လည်း မီးလင်းလာခဲ့သည်။

ယင်းနောက် အားကစားသမားများနှင့် ဒိုင်လူကြီးများက အားကစားသစ္စာခံဌာန်ကို ရွတ်ဆိုကြပြီး အလံတော်အဖွဲ့နှင့် ပြိုင်ပွဲဝင်အားကစားသမားများက ကွင်းအတွင်းမှ ပြန်လည်ထွက်ခွာကြသည်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများသည် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှအနုပညာရှင်များ၏ မြန်မာ့သမိုင်းစဉ်တစ်လျှောက် အထင်အရှားရှိခဲ့သည့် ခေတ် ၆ ခေတ်ကို ကိုယ်စားပြုသည့် ယိမ်းအကများဖြင့် သရုပ်ဖော်တင်ဆက်မှု၊ မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့ချုပ်၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်၊ မြန်မာနိုင်ငံဟာသပညာရှင်များ အစည်းအရုံးတို့မှအဖွဲ့ဝင်များ၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်နှင့် ပြည်ထောင်စု တိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်တို့မှ ကျောင်းသား၊ ကျောင်းသူများ၏ သရုပ်ပြဖျော်ဖြေမှုများ၊ တေးသီချင်းများဖြင့် သီဆိုတင်ဆက်မှုများကို ကြည့်ရှုအားပေးကြသည်။

**❒ ယခု ၂၀၂၄ ခုနှစ်တွင် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကို နိုင်ငံတော်၏ အားကစားအဆင့်အတန်း ပိုမိုတိုးတက်မြင့်မားလာစေရန်၊(၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲနှင့် အခြားနိုင်ငံတကာပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင် အောင်မြင်မှုရရှိစေရန်၊ နိုင်ငံ့ဂုဏ်ဆောင်နိုင်မည့် အဆင့်မီအားကစားသမားများ နှင့် အလားအလာရှိသော လူငယ်မျိုးဆက်သစ်အားကစားသမားများပေါ်ထွက်လာ စေရန်၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များ၊ ဝန်ကြီးဌာနများအကြား အချင်းချင်း ချစ်ကြည်ရင်းနှီးမှုရရှိပြီး အားကစားလှုပ်ရှားမှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်လာနိုင် စေရန်၊ ပြည်သူလူထုတစ်ရပ်လုံး အားကစားကိုပိုမိုစိတ်ပါဝင်စားလာပြီး အားကစား လှုပ်ရှားမှုများတွင် ပါဝင်လာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် နေပြည်တော်၌ ဝန်ကြီးဌာနအဆင့် အားကစားနည်း(၆)နည်း၊ ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့် အားကစားနည်း(၂၃)နည်းနှင့် မသန်စွမ်းအားကစားနည်း (၄) နည်း၊ စုစုပေါင်း ၃၃ နည်းတို့ဖြင့် ဒီဇင်ဘာလအစောပိုင်းမှစတင်၍ နိုင်ငံတော်အဆင့် ခမ်းနား ထည်ဝါစွာကျင်းပလျက်ရှိ . . .**

ထို့နောက် ၂၀၂၄ ခုနှစ်၊ ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်ဖွင့်ပွဲ အခမ်းအနားအောင်မြင်ခြင်းအထိမ်းအမှတ်အဖြစ် မီးရှူးမီးပန်းများကို ပစ်ဖောက်ခဲ့ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် အခမ်းအနားတက်ရောက်လာကြသူများအား လက်ပြနှုတ်ဆက်ခဲ့ကြပြီး နိုင်ငံ့ဂုဏ်ဆောင်ခဲ့ကြသည့် အားကစားသမားဟောင်းကြီးများနှင့် အနုပညာရှင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြသည်။

ပထမအကြိမ် အမျိုးသားအားကစားပွဲတော်ကို ၁၉၉၂ ခုနှစ်တွင် မေလ (၃) ရက်မှ (၁၆) ရက်အထိ ရန်ကုန်မြို့၌ အားကစားနည်း (၂၂)နည်းဖြင့်လည်းကောင်း၊ ဒုတိယအကြိမ်ကို ၁၉၉၄ ခုနှစ်တွင် ဇန်နဝါရီလ (၂၅) ရက်မှ ဖေဖော်ဝါရီလ(၆) ရက်အထိ ရန်ကုန်မြို့၌ အားကစားနည်း(၂၄)နည်းဖြင့်လည်းကောင်း၊ တတိယအကြိမ်ကို ၁၉၉၇ ခုနှစ်တွင် ဇန်နဝါရီလ(၁၁) ရက်မှ (၂၄)ရက်အထိ ရန်ကုန်မြို့၌ အားကစားနည်း (၂၉) နည်းဖြင့်လည်းကောင်း၊ စတုတ္ထအကြိမ်ကို ၂၀၁၅ ခုနှစ်တွင် ဖေဖော်ဝါရီလ (၁၃) ရက်မှ (၂၈) ရက်အထိ နေပြည်တော်၌ အားကစားနည်း (၂၇) နည်းဖြင့်လည်းကောင်း ကျင်းပခဲ့ပြီးဖြစ်သည်။ ယခု ၂၀၂၄ ခုနှစ်တွင် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကို နိုင်ငံတော်၏ အားကစားအဆင့်အတန်း ပိုမိုတိုးတက်မြင့်မားလာစေရန်၊ (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲနှင့် အခြားနိုင်ငံတကာ ပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင် အောင်မြင်မှုရရှိစေရန်၊ နိုင်ငံ့ဂုဏ်ဆောင်နိုင်မည့် အဆင့်မီအားကစားသမားများနှင့် အလားအလာရှိသော လူငယ်မျိုးဆက်သစ်အားကစားသမားများပေါ်ထွက်လာစေရန်၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များ၊ ဝန်ကြီးဌာနများအကြား အချင်းချင်းချစ်ကြည်ရင်းနှီးမှုရရှိပြီး အားကစားလှုပ်ရှားမှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်လာနိုင်စေရန်၊ ပြည်သူလူထုတစ်ရပ်လုံးအားကစားကို ပိုမိုစိတ်ပါဝင်စားလာပြီး အားကစားလှုပ်ရှားမှုများတွင် ပါဝင်လာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် နေပြည်တော်၌ ဝန်ကြီးဌာနအဆင့် အားကစားနည်း(၆)နည်း၊ ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့် အားကစားနည်း(၂၃)နည်းနှင့် မသန်စွမ်းအားကစားနည်း (၄) နည်း၊ စုစုပေါင်း ၃၃ နည်းတို့ဖြင့် ဒီဇင်ဘာလအစောပိုင်းမှစတင်၍ နိုင်ငံတော်အဆင့် ခမ်းနားထည်ဝါစွာကျင်းပလျက်ရှိကြောင်း၊ မသန်စွမ်းအားကစားနည်းပြိုင်ပွဲများအား ဒီဇင်ဘာလ ၅ ရက်မှ ၈ ရက်နေ့အထိ ကျင်းပခဲ့ကြောင်းနှင့် ဝန်ကြီးဌာနအဆင့်အားကစားနည်းနှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် အားကစားနည်းများကို ဆက်လက်ယှဉ်ပြိုင်ကစားလျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

# မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေး



မင်းဘူး ဒီဇင်ဘာ ၉

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ် ဇီးဖြူကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ စတုတ္ထအကြိမ် ပြန်လည်ထုတ်ချေးခြင်းကို ဒီဇင်ဘာလ ၈ ရက်တွင် တာဝန်ရှိသူများက ဆောင်ရွက်ကြောင်းသိရသည်။

ရှေးဦးစွာ မင်းဘူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မာဝင်းက စီမံကိန်းဆောင်ရွက်ရခြင်းကြောင့်ရရှိလာမည့်အကျိုးကျေးဇူးများ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ဥပဒေ၊ နည်းဥပဒေများအကြောင်းကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မာဝင်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေများ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ဇီးဖြူကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ စတုတ္ထအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၆၅ ဦးထံ ရန်ပုံငွေကျပ် ၁၈၉ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၇၅ ဦးထံ ရန်ပုံငွေကျပ် ၁၃၁ ဒသမ ၅ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူခုနစ်ဦးထံ ရန်ပုံငွေကျပ် ၁၇ ဒသမ ၅ သိန်းအား တစ်ဦးချင်းထုတ်ချေးပေးကြောင်း သိရသည်။

ဇင်မာ

# စစ်ကိုင်းခရိုင်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးချိန်တွင် ပဲပုပ် ၅၈၇၈ ဧက စိုက်ပျိုးပြီးစီး

စစ်ကိုင်း ဒီဇင်ဘာ ၉

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးချိန်တွင်ပဲပုပ် ၅၈၇၈ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခု ၂၀၂၄-၂၀၂၅ ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးချိန်တွင် စစ်ကိုင်းခရိုင်၌ပဲပုပ်ဧက ၁၀၂၀၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှစတင်၍ စိုက်ပျိုးခဲ့ကြရာ ယနေ့အထိ ၅၈၇၈ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးချိန် စစ်ကိုင်းခရိုင်မှာ ပဲပုပ်သီးနှံဧက ၁၀၀၀၀ ကျော်စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့အထိ ဧက ၅၀၀၀ ကျော် စိုက်ပျိုးပြီးစီးနေပြီဖြစ်ပါတယ်။ လျာထားချက်ဧက ပြည့်မီစွာ စိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်ပေးနေတယ်။ ပိုးမွှားကျရောက်မှုမရှိစေရေးအတွက် ပညာပေးတာတွေလည်း ဆောင်ရွက်သွားမယ်။ လိုအပ်တဲ့မျိုးစေ့ ရရှိဖို့နဲ့ တောင်သူတွေ သိရှိနိုင်ဖို့အတွက်နှိုးဆော်ထားပြီးလည်း ဖြစ်ပါတယ် "ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူးဒေါ်သီတာလွင်က ပြောသည်။

ယခုနှစ် စစ်ကိုင်းခရိုင်၌ မြို့နယ်အလိုက် ပဲပုပ်စိုက်ပျိုးပြီးစီးမှုအနေဖြင့် စစ်ကိုင်းမြို့နယ်၌ ၁၉၂၈ ဧက၊ မြင်းမူမြို့နယ်၌ ၆၅၅ ဧကနှင့်မြောင်မြို့နယ်၌ ၃၂၉၅ ဧက စုစုပေါင်း ၅၈၇၈ ဧကတို့ဖြစ်ကြောင်း သိရသည်။

စစ်ကိုင်းခရိုင်၌ ပဲပုပ်သီးနှံ စိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်း၊ မျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှု ကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေးအတွက် နှန်းကောင်းမွန်ရေးတို့ကို အသိပညာပေးလျက်ရှိကြောင်း သိရသည်။

(၄၀၉)

# ကျေးရွာတွင်းလမ်းကျောက်ရောမြေခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုစစ်ဆေး



ဖြူး ဒီဇင်ဘာ ၉

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်သပြေသာကျေးရွာ၌ ကျေးရွာတွင်းလမ်းကျောက်ရောမြေခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးနေမှုအခြေအနေများကို တာဝန်ရှိသူများကဒီဇင်ဘာလ ၉ ရက် နံနက်ပိုင်းတွင် ကွင်းဆင်းစစ်ဆေးကြောင်းသိရသည်။

ထိုသို့စစ်ဆေးရာတွင် ဖြူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မျိုးအောင်နှင့် ဝန်ထမ်းများကကျေးရွာကော်မတီဝင်များနှင့်အတူ သပြေသာကျေးရွာ၌ အရှည်ပေ ၃၂၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ၆ လက်မရှိသော ကျေးရွာတွင်းလမ်းကျောက်ရောမြေခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ဆောင်ရွက်ပြီးကျေးရွာတွင်းလမ်းအားအကျိုးရှိစွာအသုံးပြုကြရန်၊ ရေရှည်အသုံးပြုနိုင်ရေးသက်ဆိုင်သူများ အားလုံးက ဝိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားသည်။

ဖြူးမြို့နယ် သပြေသာကျေးရွာ၌ ကျေးရွာတွင်းလမ်းကျောက်ရောမြေခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP)ပံ့ပိုးရန်ပုံငွေကျပ် ၁၅ သန်း၊ ကျေးရွာပြည်သူလူထုထည့်ဝင်ငွေကျပ် ၁ ဒသမ ၁၅ သန်း စုစုပေါင်းငွေကျပ် ၁၆ ဒသမ ၁၅ သန်းအသုံးပြု၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှဝန်ထမ်းများ၏ နည်းပညာကူညီဆောင်ရွက်ပေးမှုဖြင့် ကျေးရွာပြည်သူလူထုကိုယ်တိုင်ဖွဲ့နှလုံးတတိယပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများအားလုံးရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်သည်။

အဆိုပါ လုပ်ငန်းများအားလုံးရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးမှုကြောင့် သပြေသာကျေးရွာနေပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် လူမှုရေးကိစ္စရပ်များအတွက် သွားလာမှုလွယ်ကူနေပြီဖြစ်ကြောင်း သိရသည်။

ကိုညီ(ကျေးလက်)

## ခမ်းနားစည်ပင်ခြိမ့်ခြိမ့်သဲ အမျိုးသားအားကစားပွဲ

* လူတိုင်းလူတိုင်းဘဝမှာ
မရှိမဖြစ်တာ။
သေချာသုံးသပ်တွေးကာရှု
ကိုယ်စိတ်ကျန်းမာမှု။

* ကျန်းမာမှုအားမရှိလျှင်
ရှင်လျက်သေသူသွင်၊
လိုအင်ဆန္ဒဟူသမျှ
ဖော်ဆောင်ရန်ခက်လှ။

* ကျန်းမာပြည့်ဝအားရှိလာ
စိတ်သွားတိုင်းကိုယ်ပါ။
ဖြစ်ချင်တာတွေကြိုးစားရင်း
ရယူနိုင်မယ်ပွင့်။

* ကျန်းမာခြင်းအားပိုင်ဆိုင်ရာ
အကောင်းဆုံးနည်းနာ။
လေ့လာစေ့ငုရှာဖွေကြည့်
အားကစားလုပ်ခြင်းတည့်။

* အားကစား၏အကျိုးမှာ
ကျန်းမာရုံမကပါ။
လုပ်ဆောင်ရာမှာကျွမ်းကျင်လျက်
ထူးချွန်ကာထက်မြက်။

* နိုင်ငံအတွက်ဂုဏ်ဆောင်ရန်
အားကစားအောင်လံ။
ရယူနိုင်ရန်စွမ်းပကား
ရှိနိုင်မည်သား။

* အားကစားကိုလူတိုင်းပင်
စိတ်ဝင်စားလာလျှင်၊
တို့ပြည်တစ်ခွင်လူအများ
ကြံ့ခိုင်ကျန်းမာအား။

* ရှိခြားစေရုံမကပေ
အားကစားမှာလေ။
တို့မြန်မာတွေအဆင့်မြင့်မား
အောင်ပန်းရယူအား။

* တိုးပွားစေရေးရည်ရွယ်ကာ
ယခုအချိန်ခါ၊
နေပြည်တော်မှာဆင်ယင်နွဲ
ခမ်းနားစည်ပင်ခြိမ့်ခြိမ့်သဲ
အမျိုးသားအားကစားပွဲ။ ။

မနောသစ်(ပခုက္ကူ)

**သဇင်(FM)အသံလွှင့်အစီအစဉ်**

၁၀-၁၂-၂၀၂၄(အင်္ဂါနေ့)

| | | |
|---|---|---|
| ၁။ | ၀၈:၀၀ | နလုံးသားဝယ်ဘုရားတည် |
| ၂။ | ၁၁:၅၀ | လူပကျန်းမာ |
| ၃။ | ၁၄:၅၀ | Speech On Air |
| ၄။ | ၁၆:၀၀ | တပ်မတော်စာတိုက်ခန်း |
| ၅။ | ၁၇:၀၀ | ထင်ရှားကျော်ကြားပုဂ္ဂိုလ်များ |
| ၆။ | ၂၁:၂၀ | Memory Box |



၂၀၂၄ ခုနှစ်၊ ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်ဖွင့်လှစ်ခြင်းအထိမ်းအမှတ်အဖြစ် မီးရှူးမီးပန်းများပစ်ဖောက်စဉ်။

**❐ မိမိတို့အနေဖြင့် နိုင်ငံတကာအဆင့်ပြိုင်ပွဲများတွင် ဆုတံဆိပ်များ ဆွတ်ခူးရရှိခဲ့ကြသည့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများကို ဆုကြေးငွေအပါအဝင် ဂုဏ်ပြုချီးမြှင့်မှုများကို ထိုက်ထိုက်တန်တန်တိုးမြှင့် ဆောင်ရွက်ပေးလျက်ရှိ၊ ထို့ပြင် တစ်ချိန်က နိုင်ငံ့ဂုဏ်ဆောင်ခဲ့ကြသည့် အားကစားသမားဟောင်းကြီးများကိုလည်းဂုဏ်ပြုသည့်အနေဖြင့် လစဉ်ထောက်ပံ့ကြေးများနှင့် ဘွဲ့ထူးဂုဏ်ထူးများ ချီးမြှင့်ပေးလျက်ရှိ . . .**



၂၀၂၄ ခုနှစ်၊ ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ် မီးရှူးတိုင်ကို မြန်မာ့လက်ရွေးစင် နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများက လက်ဆင့်ကမ်းသယ်ဆောင်ကာ အထူးတန်းပွဲကြည့်စင်ရှေ့စင်မြင့်ပေါ်ရှိ မီးရှူးတိုင်တွင် မီးထွန်းညှိစဉ်။







၂၀၂၄ ခုနှစ်၊ ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများကို တွေ့ရစဉ်။

☆ **စာမျက်နှာ ၁၇ မှအဆက်**

မြန်မာနိုင်ငံတွင် အမျိုးသားအားကစားပွဲတော်များကို ၁၉၉၂ ခုနှစ်၊ ၁၉၉၄ ခုနှစ်၊ ၁၉၉၇ ခုနှစ်နှင့် ၂၀၁၅ ခုနှစ်တို့တွင်လေးကြိမ်ကျင်းပခဲ့ပြီးဖြစ်ကြောင်း၊ ယခုပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်ကို ဆယ်နှစ်နီးပါးအကြာတွင်ပြန်လည်ကျင်းပနိုင်ခြင်းလည်းဖြစ်ကြောင်း၊ အားကစားကိုမြှင့်တင်ဆောင်ရွက်ခြင်းကို မွန်မြတ်သည့်လုပ်ငန်းစဉ်တစ်ရပ်၊ နိုင်ငံတော်အတွက် အရေးပါသည့် အမျိုးသားရေးတာဝန်တစ်ရပ်ကဲ့သို့ တန်ဖိုးထားပြီးဆောင်ရွက်ကြမည်ဆိုပါက နိုင်ငံအတွက် စိတ်ဓာတ်စည်းကမ်းကောင်းမွန်ပြီး ကျန်းမာကြံ့ခိုင်သည့်၊ စည်းလုံးညီညွတ်စွာဖြင့် နိုင်ငံကိုအကျိုးပြုနိုင်မည့် လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင်ပေးနိုင်မည်ဖြစ်ကြောင်း။

အားကစားယှဉ်ပြိုင်ရာတွင်လည်း အားကစားစိတ်ဓာတ်ရှိရန်အလွန်အရေးကြီးကြောင်း၊ လူတိုင်းဘဝတွင် အခက်အခဲများရင်ဆိုင်ကြုံတွေ့ရသည့်အခါ အနိုင်မခံအရှုံးမပေးသည့်စိတ်၊ မိမိကိုယ်ကို ယုံကြည်ရဲရင့်သည့်စိတ်များနှင့် ရင်ဆိုင်ကျော်လွှားနိုင်သည့်စိတ်မျိုးကို အားကစားစိတ်ဓာတ်ကရစေနိုင်ကြောင်း၊ ထို့ကြောင့်လည်း အားကစားနှင့်ပတ်သက်၍ ခံယူချက်အမျိုးမျိုးရှိသည့်အတွက် **"အားကစားမြှင့်တင်တည်ဆောက်ခြင်းသည် နိုင်ငံတော်ကိုကာကွယ်စောင့်ရှောက်နေခြင်းဖြစ်သည်"** ဟူသည့်အချက်သည် အမြင့်မားဆုံး ခံယူချက်ပင်ဖြစ်ကြောင်း။

၁၉၉၂ ခုနှစ်ကစတင်ကျင်းပခဲ့သည့် အမျိုးသားအားကစားပွဲတော် အပါအဝင် ကျင်းပပြီးစီးခဲ့သည့် အမျိုးသားအားကစားပွဲတော်များမှအားကစားနည်းအလိုက်နိုင်ငံ့ဂုဏ်ဆောင် လက်ရွေးစင်ပေါင်းများစွာပေါ်ထွက်ခဲ့ကြောင်း၊ မြန်မာ့အားကစားသမိုင်းကိုကြည့်ပါက ၁၉၇၀ ပြည့်နှစ်ဝန်းကျင်သည် မြန်မာ့အားကစားရွှေရောင်လွှမ်းခဲ့သည့်ကာလများဖြစ်သည်ကိုတွေ့ရကြောင်း။

၁၉၇၂ ခုနှစ် မြူးနစ်အိုလံပစ် ဘောလုံးပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းအနေဖြင့် အသန့်ရှင်းဆုံးအသင်းဆုကို ဆွတ်ခူးပိုင်ဆိုင်ခဲ့သည့် မှတ်တမ်းကောင်းများလည်းရှိခဲ့ကြောင်း၊ အဆိုပါရွှေခေတ်ကာလ နိုင်ငံ့ဂုဏ်ဆောင်နိုင်ခဲ့သည့် အားကစားသမားဟောင်းကြီးများစွာရှိခဲ့သည့်အနက်

**စာမျက်နှာ ၁၁ သို့** ☆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ ၂၀၂၄ ခုနှစ်၊ ပဉ္စမအကြိမ်မြောက်အမျိုးသားအားကစားပွဲတော်ဖွင့်ပွဲအထိမ်းအမှတ်အဖြစ်ကံ့ကော်ပင်ကိုစိုက်ပျိုးပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ သစ်ပင်စိုက်ပျိုးခြင်း ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များပက်ဖျန်းပေးစဉ်။



၂၀၂၄ ခုနှစ်၊ ပဉ္စမအကြိမ်မြောက်အမျိုးသားအားကစားပွဲတော်ဖွင့်ပွဲအခမ်းအနားအား အမှတ်စဉ်ရေတွက်၍ ဖွင့်လှစ်ပြီး မီးရှူးမီးပန်းများ ပစ်ဖောက်စဉ်။



၂၀၂၄ ခုနှစ်၊ ပဉ္စမအကြိမ်မြောက်အမျိုးသားအားကစားပွဲတော်ဖွင့်ပွဲအခမ်းအနားတွင် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာနနှင့် ပညာရေးဝန်ကြီးဌာန၊အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ "လှပချစ်စရာ တို့ရွှေမြန်မာ"တေးသီချင်းဖြင့် သရုပ်ဖော်တင်ဆက်စဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့် အခမ်းအနားတက်ရောက်လာကြသူများ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ပြိုင်ပွဲဝင်အားကစားအသင်းများကွင်းအတွင်းသို့ ဝင်ရောက်ချီတက်လာမှုကို အလံဝှေ့ယမ်း၍ အားပေးစဉ်။

☆ **ကျောဖုံးမှအဆက်**

အမျိုးသားအားကစားပွဲတော်ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် ကံ့ကော်ပင်အားစိုက်ပျိုးပေးပြီး သစ်ပင်စိုက်ပျိုးခြင်းကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ထို့နောက် ဖွင့်ပွဲအခမ်းအနားအား စတင်ကျင်းပရာ အလွတ်ခုန်လေထီးအဖွဲ့မှ လေထီးစစ်သည်များက အမျိုးသားအားကစားပွဲတော်အလံနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အလံများကို ဝေဟင်ထက်မှမြေပြင်သို့ ချိတ်ဆွဲသယ်ဆောင်၍ ကွင်းအတွင်းသို့ ဂုဏ်ပြုဆင်းသက်ကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အား အလေးပြုကြသည်။

ယင်းနောက် တေးသံရှင်ထူးအယ်လင်းက "ကျွန်ုပ်တို့ မြန်မာပြည်" သီချင်းဖြင့် ဂုဏ်ပြုသီဆိုဖျော်ဖြေပြီး မြန်မာ့ဆိုင်းဝိုင်း၊ မြန်မာ့တူရိယာများနှင့် မြိုင်မြိုင်ဆိုင်ဆိုင် တီးခတ်ထားသည့် တေးသံသာနှင့်အတူ မီးအလှပြမှု (Lighting Show) ကို တင်ဆက်ပြသသည်။ ယင်းနောက် အခမ်းအနားအား အမှတ်စဉ်ရေတွက်၍ ဖွင့်လှစ်ပြီး တစ်ချိန်တည်းတွင် မီးရှူးမီးပန်းများပစ်ဖောက်ကာ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနနှင့် ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ "လှပချစ်စရာ တို့ရွှေမြန်မာ" တေးသီချင်းဖြင့် သရုပ်ဖော်တင်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်စစ်တီးဝိုင်းက





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ အခမ်းအနားတက်ရောက်လာကြသူများက အလွတ်ခုန်လေထီးအဖွဲ့မှ လေထီးစစ်သည်များက ဝေဟင်ထက်မှမြေပြင်သို့ အမျိုးသားအားကစားပွဲတော် အလံနှင့်တိုင်းဒေသကြီး၊ ပြည်နယ်အလံများကိုချိတ်ဆွဲသယ်ဆောင်၍ ကွင်းအတွင်းသို့ဂုဏ်ပြုဆင်းသက်မှုကို ကြည့်ရှုအားပေးစဉ်။





ကွင်းအတွင်းနေရာယူပြီး အလံတော်အဖွဲ့ ဦးဆောင်၍ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်အားကစားအသင်းများ ကွင်းအတွင်းသို့ဝင်ရောက်ချီတက်နေရာယူကြကာ နိုင်ငံတော်အလံကို လွှင့်တင်၍အလေးပြုကြသည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အခမ်းအနားတက်ရောက်လာကြသူများက နိုင်ငံတော်အလံကိုအလေးပြုစဉ်။

ထို့နောက် မြန်မာ့အားကစားရွှေခေတ်ကာလ နိုင်ငံ့ဂုဏ်ဆောင်နိုင်ခဲ့သည့်အားကစားသမားဟောင်းကြီးများက အမျိုးသားအားကစားပွဲတော်အလံကို ကွင်းအတွင်းသို့ သယ်ဆောင်လာပြီး အလံကိုလွှင့်တင်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင်နိုင်ငံတော်ကိုအကျိုးပြုမည့် လူ့စွမ်းအားအရင်းအမြစ်များရရှိရန်ဆိုပါက နိုင်ငံတော်ကချမှတ်ထားသည့် ဦးတည်ချက်(၉)ရပ်မှ လူမှုရေးဦးတည်ချက်တစ်ရပ်ဖြစ်သည့် **"တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက်ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး"** ဟူသည့်အချက်ကို အလေးထားအကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ယခုကျင်းပသည့် အမျိုးသားအားကစားပွဲတော်ကြီးကို **"နိုင်ငံတော်၏ အားကစားအဆင့်အတန်း ပိုမိုတိုးတက်မြင့်မားလာစေရေး၊ (၃၃) ကြိမ်မြောက်အရှေ့တောင်အာရှ အားကစားပြိုင်ပွဲနှင့် အခြား နိုင်ငံတကာအားကစားပြိုင်ပွဲများတွင်ပါဝင်ယှဉ်ပြိုင်နိုင်ပြီး အောင်မြင်မှုရရှိစေရေး၊ နိုင်ငံ့ဂုဏ်ဆောင်နိုင်မည့် အဆင့်မီအားကစားသမားများနှင့် အလားအလာရှိသည့် လူငယ်မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွက်လာစေရေး၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများ၊ ဝန်ကြီးဌာနများအကြား အချင်းချင်းချစ်ကြည်ရင်းနှီးမှုရှိပြီး အားကစားလှုပ်ရှားမှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်လာစေရေးနှင့် ပြည်သူတစ်ရပ်လုံးအားကစားကို ပိုမိုစိတ်ဝင်စားလာပြီး အားကစားလှုပ်ရှားမှုများမှာ ပါဝင်လှုပ်ရှားကစားလာစေရေး"** ဟူသည့် ဦးတည်ချက်များချမှတ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း။

**❒ ထူးချွန်အားကစားသမားတွေ ပေါ်ထွက်ရေးအတွက် လူထုအားကစား Mass Sports အဆင့်မှ Excellent Sports အဆင့်ထိ လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်လျက်ရှိသောကြောင့် ကျောင်းသားလူငယ်များနှင့် မသန်စွမ်းသူများအပါအဝင် ပြည်သူတစ်ရပ်လုံးက လိုက်ပါဆောင်ရွက်နိုင်ကြရန်လိုအပ်. . .**

ထို့အပြင် ယခုကျင်းပသည့် အမျိုးသားအားကစားပွဲတော်ကြီးမှ နိုင်ငံတော်၏ ဂုဏ်သိက္ခာနှင့် အမျိုးသားတို့၏ မျိုးချစ်စိတ်ဓာတ်ထက်သန်မှု၊ တိုင်းချစ်ပြည်ချစ်စိတ်ရှိမှု၊ စည်းလုံးညီညွတ်မှု၊ အမျိုးသားရေးစိတ်နှင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်မှုများနှင့်အတူ တည်ငြိမ်အေးချမ်းမှုကို ဖော်ထုတ်ပြသနိုင်သည့် ပွဲတော်ကြီးပင်ဖြစ်ကြောင်း၊ ယခုအားကစားပြိုင်ပွဲကြီး ခမ်းနားထည်ဝါစွာနှင့် အောင်မြင်စွာကျင်းပနိုင်ရေး စီမံဆောင်ရွက်ပေးသည့် တာဝန်ရှိသူများ၊ ပါဝင်ပူးပေါင်းဆောင်ရွက်ပေးကြသည့် အားကစားအဖွဲ့ချုပ်များ၊ အားကစားသမားများနှင့် စာပေ၊ ဂီတ၊ ရုပ်ရှင်၊ သဘင်တို့က အနုပညာရှင်များ၊ ကျောင်းသား၊ ကျောင်းသူများအားလုံးကိုလည်း ကျေးဇူးတင်ရှိပါကြောင်းကို ပြောကြားလိုကြောင်း။



၂၀၂၄ ခုနှစ်၊ ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်ဖွင့်ပွဲအခမ်းအနားတွင် မြန်မာ့အားကစားရွှေခေတ်ကာလ နိုင်ငံ့ဂုဏ်ဆောင်ခဲ့သည့် အားကစားသမားဟောင်းကြီးများက အမျိုးသားအားကစားပွဲတော်အလံကို ကွင်းအတွင်းသို့သယ်ဆောင်လာစဉ်။

**စာမျက်နှာ ၁၅ သို့** ☆

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# 5th National Sports Festival 2024 opens; Chairman of State Administration Council Prime Minister Senior General Min Aung Hlaing addresses inauguration ceremony





Senior General Min Aung Hlaing addresses the opening of the 5th National Sports Festival 2024.

NAY PYI TAW December 9

The opening ceremony of the 5th National Sports Festival 2024 was held at Wunna Theikdi Stadium here this evening, graced and addressed by Chairman of State Administration Council Prime Minister Senior General Min Aung Hlaing.

Also present were Daw Kyu Kyu Hla, wife of the Senior General, Vice Chairman of State Administration Council Deputy Prime Minister Vice-Senior General Soe Win and wife Daw Than Than Nwe, SAC Secretary General Aung Lin Dway and wife, SAC Joint Secretary General Ye Win Oo and wife, SAC members and wives, union ministers, union level officials and wives, the Nay Pyi Taw Council chair, senior military officers from the Office of the Commander-in-Chief, the Nay Pyi Taw Command commander, deputy ministers, members of Olympic Committee, presidents, vice presidents and members of Myanmar sports federations, specially invited guests, managers, coaches and athletes of sports contingents of union ministries and regions and states, Tatmadaw members, staff of ministries, students and sports enthusiasts



Fireworks being set off to mark the success of the opening of the National Sports Festival.

First, the Senior General and wife planted a gangaw sapling in commemoration of the sports festival and sprinkled scented water of the inscription marking the tree planting activity.

At the start of the ceremony, paratroopers of the free-diving team bearing the flag of the sports festival and the region/ state flags jumped into the sports ground in honour of the ceremony and saluted the Senior General.

Vocalist Htoo Al Lin sang the song “Our Myanmar” and a lighting show was presented to the accompaniment of Myanmar orchestra. The inauguration was marked with a countdown, followed by a fireworks display and a joint performance of the song “Beautiful and lovely Myanmar” by the Fine Arts Department of the Ministry of Religious Affairs and Culture and the Basic Education Department, Ministry of Education.

The State Military Band took position in the sports ground. Later, led by the Flag Bearer troop, sports contingents from ministries and regions and states took positions in the sports





Senior General Min Aung Hlaing and wife Daw Kyu Kyu Hla enjoy performances.

See Page - 19►►

►► From Page - 18

ground, raised the State Flag and saluted it.

Honourable athletes of the golden era of Myanmar sports conveyed the Flag of the festival into the sports stadium and raised it.

In his keynote address, the Senior General said in all seriousness, the country must implement a point **"To elevate the Health and Sports sectors inclusive of all the people, improving the longevity and health of the nation"** of the nine objectives adopted by the State. The objectives of the sports festival are: **improvement of national sports standard, ensuring victories in the coming 33th SEA Games and other international games, generation of qualified athletes who will bring honour to the country and promising new generation athletes, cementing friendship among regions and states and ministries and promotion of sports activities, enhance public sports awareness and public participation in sports activities.**

The sports festival is a proof of the national pride and strong patriotism of citizens, their love for the country, unity, nationalistic fervor and cooperation and peace and stability. The Senior General expressed thanks to officials who made efforts for holding the festival successfully and on a grand scale, sports federations, athletes, artists of literature, music, movie, and thabin worlds, and students who rendered a helping hand, saying their efforts are recognized.


Myanmar organized the National Sports Festival four times, in 1992, 1994, 1997 and 2015. The country can hold the fifth festival only after a period of nearly ten years has passed. Sports promotion is an honorable activity. If it is valued as a national duty, the country will be able to produce disciplined, fit and healthy human resources for the country that will serve the national interest in unity.

Sportsmanship plays a crucial role in sports competitions. It not only fosters a spirit of perseverance, but also helps individuals build self-confidence and develop the courage to face and overcome challenges in life. Recognizing the diverse perspectives on sports, the highest ideal remains that **"promoting and fostering sports is a means of protecting the nation."**

He stated that the National Sports Festival, first held in 1992, has produced numerous nationally acclaimed athletes in various sports categories. A review of Myanmar's sports history reveals that the 1970s were a golden era for the nation's athletic achievements.




Group dances in progress.



The Flag of the National Sports Festival being conveyed into the sports stadium.

The Myanmar national football team also achieved a notable accomplishment, winning the Fairest Team award at the 1972 Munich Olympic Football Tournament. Among the many exceptional athletes who brought glory to the country during that golden era, Capt Tin Aung (Goalkeeper), U Aye Maung Gyi, U Than Soe@Sabthee, U Nanda Kyaw Swar, U Bhone Myint, U Myint Aung, U Thant Zin, Daw Jennifer Tin Lay, Daw Than Than, Daw Mar Mar Min, Daw Khin Mumu, Daw Nu Nu Yi, Major Myint Soe, and Daw Kyin Lwang are still alive and well. They continue to engage in sports activities to the best of their abilities, and I take great pride in their achievements.



Performers entertaining the spectators.

Throughout history, our ethnic brothers and national team players have earned medals in international competitions. They have proudly raised the flag of the Republic of the Union of Myanmar to the top of the flagpole on the international level, fulfilling their duty. Therefore, I would like to emphasize the importance of every citizen working together to promote the sports sector. Sporting achievements that elevate the Myanmar flag in international competitions significantly enhance the country's prestige and raise its global standing.

Ministry of Sports and Youth Affairs is implementing measures to promote the education and health of young people alongside the development of the sports sector. Since programs are being implemented from mass sports to excellent sports levels to develop outstanding athletes, it is essential for the entire public, including students, youth, and people with disabilities, to participate. The country's sports sector is currently making progress and achieving success due to the government's focus on promoting sports. I urge everyone not to be content with this progress, but to continue striving towards the goal of **"dominating the world with Myanmar sports,"** achieving even greater success than before, and standing tall among the international community.

We are awarding a well-deserved increase in honors, including cash prizes, to our national athletes who have won medals in international competitions. In addition, former athletes who once brought glory to the country are also recognized with monthly stipends and honorary degrees. Therefore, I encourage the athletes participating in this major sports competition to strive for success, become national champions, and bring glory to the country.

It is possible that developing the sports sector with the sole effort of the Ministry of Sports and Youth Affairs may face challenges. Therefore, related ministries and sports federations must collaborate, and the entire public should view this as a national responsibility, working together with interest and cooperation.

Regarding the connection between education and sports, the country's education system is student-centered, which provides an advantage for

See Page - 20►►

►► From Page - 19

cooperation in the sports sector. As a result, sports time has been incorporated into school curricula, with a provision making it compulsory for students to learn a specific sport. Additionally, sports have been included in the grading system, arrangements have been made for students excelling in sports to attend the Institute of Sports and Physical Education, and sports scholarships have been awarded.

The Ministry of Education is required to develop a project to encourage every student to participate in one of the sports and to draw a sports calendar to organize sports competitions for basic education levels and colleges/university levels yearly. Only then, will the process of integration of sports and education be smooth and with the emergence of new generation athletes, contributing to the sustainable sports development of Myanmar.

It can be seen that youth athletes in neighbouring countries can break not only world youth records but also world records in their student sports festivals. Therefore, it is necessary to take measures for the resurgence of Myanmar sports standards by drawing a sports calendar that includes organizing advanced sports competition in addition to student and youth sports competitions and inter-ministry sports competitions in the upcoming year.

In the current national sports festival, competitions will be held for 23 types of sports in state and region competitions, six types of sports for inter-ministry sports competitions and four types of sports for para sports competitions.

Athletes and athletic teams have prepared to participate in competitions to put their skills, strength, stamina, techniques and spirit to the test. Therefore, they are urged to compete with high standards of sports spirit and sports culture in accordance with the reputation of the sports festival.

True to the nature of sports competitions, there will be disputes when competition becomes intense. However, athletes are urged to compete honestly with high standards of sports spirit and culture. All athletes are required to compete in accordance with disciplines, rules and regulations adopted for competitions fairly and relentlessly out of perseverance, effort, endeavour and courage. Athletes are urged to promote the sports culture by comforting losers when one wins competitions, accepting the defeat and empathizing with winners when one loses competitions and offering help when other competitors are in danger.

Responsible officials are required to train competent athletes who emerge winners from respective competitions in camps so that they become Myan mar national selected athletes who can compete in the $33^{rd}$ SEA games and other international sports competitions.

Participating in sports revitalizes patriotic spirit, national spirit and national characteristics and contributes to the health and fitness of the entire people. Therefore, athletes are urged to compete out of sports spirit to win competitions. In conclusion, the Senior General said he hoped that many athletes, who can live up to the image of the country, will emerge from the current competition and opened the $5^{th}$ National Sports Festival.



The stadium crowded with spectators at the opening of the National Sports Festival.

As soon as the speech ended, fireworks commemorating the opening ceremony were set off.

Then, national selected athletes relayed the torch of the sports festival along the designated route onto the beacon on the stage in front of the grand stand. As soon as the torch was in place, another commemorating torch on the top of the southeast corner of the sports grounds was on. Then, athletes and referees vowed the sports pledges and left the sports grounds together with flag bearers.

Afterward, the Senior General and wife and attendees enjoyed group dances covering six historical eras of Myanmar performed by artists from the Fine Arts Department of the Ministry of Religious Affairs and Culture and music and performances of members of Myanmar Paralympic Sports Federation, Myanmar Motion Picture Association, Myanmar Chinlon Federation and Myanmar Comedians Association and students from Nationalities Youth Resource Development Degree College.

Then, fireworks commemorating the success of the opening ceremony of the sports festival were set off and the Senior General and wife greeted the guests by waving hands and cordially greeted former national selected athletes and artists .

The first national sports festival featuring 22 types of sports was held in Yangon from 3 to 16 May, 1992. The second national sports festival featuring 24 types of sports was held in Yangon from 25 January to 6 February, 1994. The third national sports festival featuring 29 types of sports was held in Yangon from 11 to 24 January, 1997. The third national sports festival featuring 27 types of sports was held in Nay Pyi Taw from 13 to 28 February, 2015. The fifth national sports festival has been held on a grand scale at the national level since early December in Nay Pyi Taw with the aims of enhancing the sports standards of the country, achieving success in the $33^{rd}$ SEA games and other international sport competitions, nurturing potential new generation athletes and highly qualified athletes who can live up to the reputations of the country, increasing the sports activities by building friendship among regions and states and ministries and encouraging the people to participate in sports by inspiring interest in sports among them by organizing competitions for 33 types of sports including six sports types at the ministry level, competitions for 23 types of sports at the state and region level and competitions for four type of sports at the paralympic level. Paralympic sports competitions were held from 5 to 8 December and competitions at the ministry level and the state and region level are being held.

**100**

---

■■ From Page - 21

society, and protecting the public interest. With good intentions for the country, the government is working diligently to combat corruption and put these efforts into action.

It has been observed with satisfaction that, in collaboration with the Ministry of Education and the Ministry of Science and Technology, edutainment programmes to promote integrity and youth forums are being actively implemented in basic education schools and universities. These efforts aim to foster a spirit of disapproval, shame, and resistance to corruption among the younger generation. It is also noted that harmful emotions such as love, hatred, greed, anger, delusion, and fear contribute to the commission of unethical acts. Therefore, it is essential to educate young people, students, and learners from an early age to ensure they are free from malice and develop pure and clean minds, focusing on human dignity and moral conduct.

The assets and wealth acquired through corrupt practices and greed, which are seized as public funds, are clearly outlined in the Anti-Corruption Law. Therefore, it is necessary not only to take legal action against those who commit corruption, but also to ensure the effective and precise implementation of the law to confiscate the wealth and assets accumulated from corruption, as public funds, in accordance with the law.

According to the motto of the commission, **"A country free from corruption, prosperous and peaceful,"** it is essential for the government and the entire people of the nation to actively and harmoniously collaborate in the fight against corruption. Each individual, group, and society must abandon corruption, work on improving themselves and their surroundings, and collectively contribute to the development and well-being of the nation. This call emphasizes the importance of commitment and joint effort.

The government, in line with its motto **"Keep Moving Forward to Achieve Our Goal,"** is committed to prioritizing the interest of the nation and all its citizens, striving to enhance the socioeconomic life. Therefore, it is essential to adopt the established objectives, goals, and policies as guiding principles, and to collaborate with the commission in efforts to combat corruption. In order to ensure a corruption-free nation, everyone is encouraged to treat the fight against corruption as a national duty, working together with determination as part of honouring the $21^{st}$ International Anti-Corruption Day.

The Senior General awarded winners in the poster, video and article contests to mark the anti-corruption activities.

The Chairman of the commission presented a medal to mark the International Anti-Corruption Day to the Senior General.

Chairman of the commission U Sis Aye reported to the Senior General on work progress of the commission and its future plans.

The Senior General and dignitaries watched a video clip to mark the commemorative day and viewed round the documentary photos on activities of combatting corruption.

**100**

# SAC Chairman Prime Minister Senior General Min Aung Hlaing delivers speech at the ceremony to mark International Anti-Corruption Day


Senior General Min Aung Hlaing delivers speech at the ceremony to mark International Anti-Corruption Day.


Senior General Min Aung Hlaing views documentary photos on activities of combatting corruption.



Senior General Min Aung Hlaing presents prize to an award winner.

NAY PYI TAW December 9

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing delivered a speech at the ceremony to mark the International Anti-Corruption Day at the Myanmar International Convention Centre I in Nay Pyi Taw this morning.

Also present at the ceremony were SAC Joint Secretary General Ye Win Oo, council members, union-level dignitaries, union ministers, the Nay Pyi Taw Council Chairman, senior Tatmadaw officers from the Office of the Commander-in-Chief, the commander of Nay Pyi Taw Command, deputy ministers and officials of Anti-Corruption Commission, winners in the poster, video and article contests to mark the anti-corruption activities, students and guests together with chief ministers of regions and states through a video conferencing.

First, the Senior General pressed the button to unveiled the signboard to mark the commemorative day.

Speaking on the occasion, the Senior General said that the 9 December was designated as International Anti-Corruption Day in 2003 in order to enhance awareness about anti-corruption activities regarding the United Nations Convention on the Elimination of All Forms of Racial Discrimination (CERD). Since 2003, countries around the world have been commemorating this day annually.

The theme for this year's International Anti-Corruption Day is **"Uniting with Youth against Corruption: Shaping Tomorrow's Integrity."** This slogan aligns with the efforts of Myanmar's Anti-Corruption Commission, which has been implementing a youth education and awareness programme on anti-corruption since 2022, including talk shows, discussions, and collaborations in the field of education. It reflects the commission's ongoing commitment to fighting corruption and its long-term goals in shaping a future of integrity.

Corruption, driven by malice, transforms human society into a world of suffering and destruction, undermining the well-being of socioeconomic environments. It leads to the disappearance of justice and harms both the State and the general public. Furthermore, corruption not only disrupts the country's development goals but also endangers the rule of law and the maintenance of peace and stability. In practice, it is universally acknowledged that this perspective holds true.

The issue of corruption is not only a serious problem in Myanmar, but it is also a widespread disease around the world. It has become a problem that affects not only the governments of developed and developing countries, but also some private sectors and charitable organizations that engage in non-profitable activities, which are also becoming entangled in corruption.


The term "corruption" is often simply associated with bribery and corruption, but in reality, it is a widespread and deeply harmful phenomenon in the human world. It includes extortion, deceit, the embezzlement of State funds and resources, the misuse of public money for personal gain, and obtaining self-interest through illegal means. These are all forms of corruption. Corruption leads to committing crimes, encourages violent attacks, and undermines the rule of law and democratic systems. As a result, it has become a global issue, a serious disease.

The government would like to state that it has set missions and visions aimed at reducing corruption, ensuring the establishment of a corruption-free

See Page - 20 ■■

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.


MWD
မီဒီယာစင်တာ
ရရှိနိုင်သောဝန်ဆောင်မှုများ
ဗီဒီယို/ရုပ်သံ ရိုက်ကူးထုတ်လုပ်သူများအတွက်...
အရည်အသွေးမြင့် 4K ကင်မရာများတပ်ဆင်ထားသည့် ခေတ်မီ Studio အခန်းများ
အသံဖမ်း Studio များကို ရိုက်ကူးထုတ်လွှင့်သူများအတွက် ငှားရမ်းနိုင်ပါသည်။
ဖျော်ဖြေပွဲများဆောင်ရွက်လိုသူများအတွက်...
LED Screen ပါသည့်ပြဇာတ်ရုံနှင့် 11.1 Sounds System ဖြင့် 4K,3D ရုပ်ရှင်ရုံတို့အား
ဖျော်ဖြေရေးပွဲများအတွက် ငှားရမ်းအသုံးပြုနိုင်ပါသည်။
Meeting Room
Ball Room
Theatre
No.15,Moe Kaung Road, 15th Ward, Bauk Htaw, Yankin Township.
09-680101166,01-4705990,01-4705991,01-4705992
https;//www.facebook.com/Public Media Centre


အင်္ဂလန်နိုင်ငံ International Brewing Awards၊ ဩစတြေးလျနိုင်ငံ Australian International Beer Awards၊ ဘယ်လ်ဂျီယံနိုင်ငံ Monde (World) Selection၊ ဂျာမနီနိုင်ငံ European Beer Star ပြိုင်ပွဲကြီးများမှ အမြင့်ဆုံးဆုတံဆိပ်များ ရရှိခဲ့သော ဒဂုံအဖျော်ယမကာကုမ္ပဏီလီမိတက် ထုတ်ကုန်များ . . .
'ဒဂုံနှင့်အတူ ဂုဏ်ယူလိုက်ပါ'
Non-Sparkling Lemon Tea
Sparkling Lemon Tea
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၂၆၃၁၄၇၃၈၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


SINCE 1959
မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းကုမ္ပဏီလီမိတက်
နိုင်ငံတကာ ကုန်စည်သယ်ယူပို့ဆောင်ရေးလုပ်ငန်း
ကုန်သေတ္တာသယ်ယူပို့ဆောင်ရေးလုပ်ငန်း
ကမ်းရိုးတန်း ကုန်စည်ပို့ဆောင်ရေးလုပ်ငန်း
သာကေတ ကုန်သေတ္တာထားသိုခန်း
သာကေတ ဆိပ်ခံတံတားလုပ်ငန်း
သာကေတ ကုန်လှောင်ရုံလုပ်ငန်း
ဆက်သွယ်ရန် ဖုန်းနံပါတ်
၀၁ ၈၂၉ ၆၂၅၃၊ ၀၉ ၅၅၀ ၃၉၃၄ – ရုံးချုပ်
၀၉ – ၅၅၀ ၄၅၄၆၊ ၀၉ – ၇၈၅ ၁၅၄ ၀၇၈၊ ၀၉ – ၅၁၅ ၉၆၉၇ – သာကေတရုံး


Smart
GENTLEMEN FASHION
Ph : 033-60337~8 , 09-5022324
Fax : 033-60339
E-mail : mehlgarment.pol@gmail.com
Facebook : Smart Smart
Viber : +95-9777585772
Address : Pyin Oo Lwin

# ရုရှား၌တည်ဆောက်သည့် ဖရီးဂိတ်စစ်ရေယာဉ်အသစ်ကို အိန္ဒိယရေတပ်က တပ်တော်သွင်း

**နယူးဒေလီ၊ စစ်ရေး**

ရုရှားနိုင်ငံ၌တည်ဆောက်ထားသည့် ဘက်စုံသုံးပဲ့ထိန်းဒုံးကျည်တင်အသံတိတ် ဖရီးဂိတ်စစ်ရေယာဉ်အသစ်ကို ဒီဇင်ဘာလ ၉ ရက်တွင် အိန္ဒိယရေတပ်က တပ်တော်သွင်းကြောင်းသိရသည်။

အဆိုပါတပ်တော်သွင်းအခမ်းအနားကို ကာလီနင်ဂရတ်၌ကျင်းပခြင်းဖြစ်ပြီး အိန္ဒိယကာကွယ်ရေးဝန်ကြီးက ဦးဆောင်ကာ အိန္ဒိယရေတပ်ဦးစီးချုပ်နှင့် ရုရှားရေတပ်ဦးစီးချုပ်တို့တက်ရောက်သည်။

INS Tushil ဟု အမည်ပေးထားသည့် အဆိုပါစစ်ရေယာဉ်သည် Krivak III အမျိုးအစားဖရီးဂိတ်စစ်ရေယာဉ်ကိုအဆင့်မြှင့်တင်ထားခြင်းဖြစ်သည်။ "ကာကွယ်ပေးသည့်ဒိုင်းကာ"ဟုအဓိပ္ပာယ်ရသောထိုကဲ့သို့စစ်ရေယာဉ်မျိုးခြောက်စင်းက အိန္ဒိယရေတပ်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည်။

ယခုစစ်ရေယာဉ်သည် Project 1135.6 အရထုတ်လုပ်လိုက်သော အိန္ဒိယရေတပ်အတွက် သတ္တမမြောက်စစ်ရေယာဉ်ဖြစ်ပြီး အမြင့်မားဆုံးသောစွမ်းဆောင်ရည်နှင့်အတူ အိန္ဒိယအနေဖြင့် ရုရှားနိုင်ငံ၏ကာကွယ်ရေးပစ္စည်းထုတ်လုပ်မှုလုပ်ငန်း၌ထားရှိသောယုံကြည်မှုကို ထင်ဟပ်ပြသနေသည်။

အိန္ဒိယရေတပ်၏ အနောက်ပိုင်းစစ်ရေယာဉ်စုတွင် တာဝန်ထမ်းဆောင်သွားမည့် INS Tushil သည် အလျား ၁၂၅ မီတာနှင့် တန်ချိန် ၃၉၀၀ ရှိသည်။ ယခုထုတ်လုပ်လိုက်သောစစ်ရေယာဉ်သည် အိန္ဒိယနှင့် ရုရှားတို့၏ နောက်ဆုံးပေါ်နည်းပညာများကိုပေါင်းစပ်ထားသော စံပြစစ်ရေယာဉ်တစ်စင်းဖြစ်သည်ဟု အိန္ဒိယတပ်မတော်က ထုတ်ပြန်ထားသည်။ **Ref: RT**



# အစ္စရေးက ဆီးရီးယားရှိ ဓာတုလက်နက်များကိုဖျက်ဆီးလိုက်ဟုဆို

**ဂျေရုဆလင်၊ လုံခြုံရေး**

အစ္စရေးတပ်ဖွဲ့များက ဆီးရီးယားနိုင်ငံရှိ ဓာတုလက်နက်များကို ဖျက်ဆီးလိုက်နိုင်သည်ဟု အစ္စရေးနိုင်ငံခြားရေးဝန်ကြီး ဂစ်ဒီယွန်ဆားက ဒီဇင်ဘာလ ၉ ရက်တွင် ပြောသည်။

ဆီးရီးယားနိုင်ငံ၌ သမ္မတဘာရှာအယ်အာဆတ်၏အုပ်ချုပ်မှုပျက်စီးပြီးနောက် ထိုနိုင်ငံအတွင်းကျန်ရှိနေသည့် ဓာတုလက်နက်များ သို့မဟုတ် တာဝေးပစ်ဒုံးကျည်များနှင့် ဒုံးများကဲ့သို့မဟာဗျူဟာမြောက်လက်နက်စနစ်များကို အကြမ်းဖက်သမားများလက်တွင်းသို့မရောက်ရှိစေရန်ဖျက်ဆီးမှုများ လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်ဟု ဂစ်ဒီယွန်ဆားက သတင်းစာရှင်းလင်းပွဲ၌ ပြောသည်။

ပြီးခဲ့သည့်သီတင်းပတ်အကုန်တွင် ဆီးရီးယားနိုင်ငံ၏မြို့တော်ဒမတ်စကပ်ကို သိမ်းပိုက်လိုက်နိုင်သော ဟာယတ်တာရီယာအယ်ရှမ်းအဖွဲ့ဦးဆောင်သော သူပုန်အဖွဲ့သည် အစ္စလာမ်မစ်အစွန်းရောက်အဖွဲ့ဖြစ်ကြောင်း ဂစ်ဒီယွန်ဆားကဆက်ပြောသည်။

ထို့ပြင် အစ္စရေးတပ်ဖွဲ့များအနေဖြင့် ဆီးရီးယားနှင့်နယ်စပ်မှအရှေ့ဘက်ရှိကြားခံနယ်မြေကို အင်အားအပြည့်ဖြင့်စိုးမိုးမှုရယူထားရန် အစ္စရေးဝန်ကြီးချုပ်နေတန်ယာဟုက ဒီဇင်ဘာလ ၈ ရက်တွင်ညွှန်ကြားထားကြောင်းသိရသည်။ **Ref: SCMP**



# တရုတ်ပြည်သူများ၏မျိုးရိုးဗီဇ နှစ်ပေါင်း ၃၀၀၀ အထိပြောင်းလဲခြင်းမရှိ

**ပေကျင်း၊ ပြည်တွင်းရေး**

တရုတ်နိုင်ငံ၏ယဉ်ကျေးမှုစတင်ထွန်းကားရာနေရာဖြစ်သော နိုင်ငံအလယ်ပိုင်းမြေပြန့်လွင်ပြင်ရှိ တရုတ်ပြည်သူများ၏မျိုးရိုးဗီဇမှာ လွန်ခဲ့သည့်နှစ်ပေါင်း ၃၀၀၀ မှစ၍ ယနေ့အချိန်အထိ ပြောင်းလဲခြင်းမရှိဘဲတည်ငြိမ်လျက်ရှိကြောင်း တရုတ်သုတေသီများကပြောသည်။

ထို့ကြောင့် ခေတ်များအလီလီပြောင်းလဲသွားသော်လည်း တရုတ်နိုင်ငံအလယ်ပိုင်းရှိဒေသများ၌ ရေကြည်ရာမြက်နုရာသွားလာနေထိုင်ကြသူများ ပြည်တွင်းရွှေ့ပြောင်းနေထိုင်သူများ၏ လွှမ်းမိုးမှုခံရခြင်းမရှိသည်ကို ညွှန်းဆိုပြသနေကြောင်း သုတေသီများကပြောသည်။

သုတေသီများလေ့လာမှုပြုလုပ်သောကာလတွင် ကျောက်ခေတ်နှောင်းပိုင်းမှစ၍ ယနေ့ခေတ်သစ်ကာလအချိန်အထိပါဝင်ကြောင်း ပညာရှင်များ၏တွေ့ရှိချက်တွင် ဖော်ပြထားကြောင်းသိရသည်။

**Ref: SCMP**

## သတင်းတိုကဏ္ဍ

### ဖိလစ်ပိုင်နိုင်ငံအလယ်ပိုင်းရှိ ကန်လာအွန်မီးတောင် ယခုနှစ်အတွင်း ဒုတိယအကြိမ်ပေါက်ကွဲမှုဖြစ်ပွား

ဖိလစ်ပိုင်နိုင်ငံအလယ်ပိုင်းရှိ ကန်လာအွန်မီးတောင်သည် ယခုနှစ်အတွင်းဒုတိယအကြိမ်ပေါက်ကွဲမှုဖြစ်ပွားရာ ပြာများကိုမှုတ်ထုတ်သောကြောင့် တာဝန်ရှိသူများကအရေးပေါ် ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်နေရကြောင်းသိရသည်။

ကန်လာအွန်မီးတောင်သည် ဖိလစ်ပိုင်နိုင်ငံရှိ မီးတောင်ရှင်များအနက်တစ်လုံးဖြစ်ပြီး ဒီဇင်ဘာလ ၉ ရက် ဒေသစံတော်ချိန်ညနေ ၃ နာရီတွင် ပေါက်ကွဲမှုဖြစ်ပွားရာ ပြာများကိုမီးတောင်မှအမြင့် ၄ ကီလိုမီတာအထိ မှုတ်ထုတ်ခြင်းဖြစ်သည်။

ထို့ကြောင့် ဖိလစ်ပိုင်မီးတောင်နှင့်မြေငလျင်အဖွဲ့အစည်းက အဆိုပါမီးတောင်ပေါက်ကွဲမှုပြင်းအားကို အဆင့်သုံးအဖြစ်သတ်မှတ်ထားသည့်အတွက် မီးတောင်မှချော်ရည်များစီးဆင်းမှုနှင့် လာမည့်သီတင်းပတ်များအတွင်း မီးတောင်ပြာများမှုတ်ထုတ်မှုဆက်လက်ဖြစ်ပွားနိုင်ခြေရှိသည်။

အဆိုပါမီးတောင်သည်စက်တင်ဘာလတွင်လည်း ပေါက်ကွဲမှုဖြစ်ပွားရာအနီးရှိ လူရာပေါင်းများစွာမှာ ဘေးလွတ်ရာသို့ပြောင်းရွှေ့ရသည်ဟုသိရသည်။ **Ref: AG**

### ပူတင်က အာဆတ်ကို ပုဂ္ဂိုလ်ရေးအရခိုလှုံခွင့်ပေးဟု ကရင်မလင်ထုတ်ပြန်

ဆီးရီးယားနိုင်ငံမှထွက်ပြေးလာသည့် သမ္မတဘာရှာအယ်အာဆတ်သည် ရုရှားနိုင်ငံသို့ရောက်ရှိနေပြီး ရုရှားသမ္မတဗလာဒီမာပူတင်က ၎င်းကိုပုဂ္ဂိုလ်ရေးအရခိုလှုံခွင့်ပေးထားခြင်းဖြစ်ကြောင်း ကရင်မလင်က ဒီဇင်ဘာလ ၉ ရက်တွင်အတည်ပြုထားသည်။

ဒမတ်စကပ်မြို့တော်က အကြမ်းဖက်သူပုန်များ၏လက်အောက်သို့ကျရောက်သွားပြီးနောက် ဆီးရီးယားသမ္မတနှင့် ၎င်း၏မိသားစုသည် ရုရှားနိုင်ငံ၌ရောက်ရှိနေသည်ဟူသော သတင်းများထွက်ပေါ်လာပြီးနောက် ရုရှားသမ္မတရုံးကယခုကဲ့သို့ ထုတ်ပြန်လာခြင်းဖြစ်သည်။

ရုရှားသမ္မတက ယခုကဲ့သို့ခွင့်ပြုပေးခြင်းသည် မိတ်ဖက်နိုင်ငံများအပေါ်ပေးအပ်ထားသည့်ကတိကိုတည်အောင်လိုက်နာခြင်းဖြစ်ကြောင်း၊ ရုရှားနိုင်ငံက အမေရိကန်ကဲ့သို့ မိတ်ဆွေများခက်ခဲနေချိန်၌ လျစ်လျူရှုတတ်သည့်နိုင်ငံမဟုတ်ကြောင်း ရုရှားအကြီးတန်းသံတမန်တစ်ဦးကပြောထားသည်။ **Ref: RT**

### ထိုင်းရှိကမ်းခြေတစ်ခု၌ အနိုပ်ခံသည့်စင်ကာပူနိုင်ငံသား တစ်ခဏအတွင်းသေဆုံး

ထိုင်းရှိပါထုန်ကမ်းခြေသို့လာရောက်လည်ပတ်စဉ် အနှိပ်ခံသည့် စင်ကာပူနိုင်ငံသားတစ်ဦးသည် ထိုသို့အနှိပ်ခံနေစဉ်တစ်ခဏအတွင်းမှာပင် သေဆုံးသွားကြောင်းသိရသည်။

အသက် ၅၂ နှစ်ရှိ အဆိုပါအမျိုးသားသည် အနှိပ်ခံစဉ်အတွင်း အိပ်ပျော်သွားကြောင်း၊ ထို့နောက်မကြာမီတွင် အသက်ရှူမဝသည့်ပုံစံဖြစ်လာကြောင်း၊ အနှိပ်ခံရာနေရာရှိတတ်ကျွမ်းသူများကပြုစုကုသမှုများပေးသော်လည်း သတိပြန်မလည်လာတော့ကြောင်း ပါထုန်မြို့မှရဲမှူးကြီး ဟန်ဆာဝတ်ကပြောသည်။

အနှိပ်ခံရာနေရာသို့ ထိုအမျိုးသားနှင့်အတူလိုက်ပါလာသော ၎င်း၏ဇနီးသည် သေဆုံးသူ၏ရုပ်အလောင်းကို ရင်ခွဲစစ်ဆေးမှုလုပ်ဆောင်ခြင်းခွင့်မပြုဘဲ နိုင်ငံသို့ပြန်လည်သယ်ဆောင်ကာ ထုံးတမ်းစဉ်လာများနှင့်အညီ သင်္ဂြိုဟ်သွားမည်ဟုပြောသည်။

ထိုင်းနိုင်ငံမှအမျိုးသမီးအဆိုတော်တစ်ဦးသည်လည်း မကြာသေးမီကအနှိပ်ခံရာနေရာ၌ အနှိပ်ခံနေစဉ်သေဆုံးသွားသည်ဟု သိရသည်။ **Ref: TST**

### အိန္ဒိယက ရုရှားမှ တာဝေးထောက်လှမ်းရေးရေဒါများ ဝယ်ယူမည်

အိန္ဒိယအစိုးရသည် နိုင်ငံ၏ဒုံးကျည်ထောက်လှမ်းနိုင်မှုစွမ်းရည်နှင့် လေကာစွမ်းရည်များတိုးတက်စေရန်ရည်ရွယ်၍ အမေရိကန်ဒေါ်လာလေးဘီလီယံတန်ဖိုးရှိတာဝေးကြိုတင်သတိပေးထောက်လှမ်းရေးရေဒါကို ရုရှားနိုင်ငံမှဝယ်ယူမည်ဖြစ်ကြောင်းသိရသည်။

လက်ရှိတွင် နှစ်နိုင်ငံကြားထိုရေဒါဝယ်ယူမှုသဘောတူညီချက်ကို လက်မှတ်ထိုးရန်နီးစပ်နေပြီဖြစ်ကြောင်း သတင်းဌာနများက ဖော်ပြထားသည်။

အဆိုပါရေဒါသည် Almaz-Antey ကော်ပိုရေးရှင်းက ထုတ်လုပ်ထားသည့် Voronezh အမျိုးအစားရေဒါတစ်မျိုးဖြစ်ပြီး အမြင့်ပျံဒုံးကျည်များ၊ လေယာဉ်များအပါအဝင် ဝေဟင်ခြိမ်းခြောက်မှုများကို ကီလိုမီတာ ၈၀၀၀ အဝေးမှနေ၍ထောက်လှမ်းခြေရာခံနိုင်စွမ်းရှိသည်။

အိန္ဒိယအစိုးရက အဆိုပါရေဒါစနစ်ကို ဝယ်ယူသွားမည်ဖြစ်သော်လည်း အစိတ်အပိုင်းများအနက် ၆၀ ရာခိုင်နှုန်းကို နိုင်ငံအတွင်းထုတ်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**Ref: RT**

# အာဆီယံ-တရုတ်စင်တာ အတွင်းရေးမှူးချုပ်ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် လက်ခံတွေ့ဆုံ



နေပြည်တော် ဒီဇင်ဘာ ၉

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ယနေ့မွန်းလွဲပိုင်းတွင် အာဆီယံ-တရုတ်စင်တာ၏ အတွင်းရေးမှူးချုပ် Mr. Shi Zhongiun ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ပြည်ထောင်စုဝန်ကြီးရုံးဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် အာဆီယံ-တရုတ် စားရေရိက္ခာနှင့်လယ်ယာကဏ္ဍဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ဖွံ့ဖြိုးတိုးတက်မှုကွာဟချက်ကျဉ်းမြောင်းစေရေး၊ မြန်မာနိုင်ငံမှလယ်ယာထွက်ကုန်များတရုတ်ပြည်သူ့သမ္မတနိုင်ငံသို့တင်ပို့နိုင်ရေး၊ လယ်ယာသုံးစက်ကိရိယာအသေးစားထုတ်လုပ်သည့် စက်ရုံများ မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံရေး၊ စိုက်ပျိုးရေး၊မွေးမြူရေးဆိုင်ရာ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် နည်းပညာဖလှယ်ရေး၊ ဒစ်ဂျစ်တယ်စိုက်ပျိုးရေးနည်းပညာအသုံးပြုရေးနှင့် အခြေခံအဆောက်အဦဖွံ့ဖြိုးတိုးတက်ရေး၊ နယ်စပ်ဖြတ်ကျော် တိရစ္ဆာန်ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ရေးနှင့် နည်းပညာနှင့်ရန်ပုံငွေအထောက်အပံ့ပေးနိုင်ရေး၊ စပ်မျိုးသီးနှံသုတေသနဗဟိုဌာနတည်ထောင်ရေး၊ စိုက်ပျိုးရေးထွက်ကုန်များ အရည်အသွေးထိန်းချုပ်မှု ဗဟိုဌာနတည်ထောင်ရေး၊ မြန်မာနိုင်ငံတွင် ပိုးမွှားကင်းစင်ကြောင်း အသိအမှတ်ပြုလက်မှတ်(e-phyto)ထုတ်ပေးခြင်းနှင့် ဓာတ်ခွဲခန်းအဆင့်မြှင့်တင်ခြင်း စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရေးဆိုင်ရာများကို ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများ တက်ရောက်ကြကြောင်းသိရသည်။

(သတင်းစဉ်)




# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ်တစ်ဦးတွေ့ရှိ

နေပြည်တော် ဒီဇင်ဘာ ၉

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်- ၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ ၁-၁၂-၂၀၂၄ ရက် ည ၈ နာရီမှ ၈-၁၂- ၂၀၂၄ ရက် ည ၈ နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၄၅၁၉ ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ်တစ်ဦး တွေ့ရှိရသည်။ ထို့ကြောင့် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ သုည ဒသမ ဝ၂ ရာခိုင်နှုန်းဖြစ်သည်။ အစီရင်ခံကာလအတွင်း ကိုဗစ်- ၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်သည်။

မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေး
ဗဟိုဌာန(Myanmar CDC)
ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန

# ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလအတွင်း ရွာသွန်းခဲ့သောမိုးရေများတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေများ

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနသည် အရှေ့အာရှအက်စစ်ဖြစ်ထွန်းမှုစောင့်ကြည့်တိုင်းတာရေးကွန်ရက် (Acid Deposition Monitoring Network in East Asia– EANET) အဖွဲ့အစည်းတွင် အဖွဲ့ဝင်အဖြစ် ၂၀၀၅ ခုနှစ်၊ နိုဝင်ဘာလမှ စတင်ဆောင်ရွက်ခဲ့ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိမြို့ကြီးများ၏ရွာသွန်းသောမိုးရေများကိုစုဆောင်းကာ မိုးရေတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေကိုသိရှိရန် မိုးရေ၏ pH တန်ဖိုးများတိုင်းတာခြင်းလုပ်ငန်းများကိုလစဉ်ဆောင်ရွက်လျက်ရှိပါသည်။(ပုံ-၁)

၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလအတွင်း စခန်း ၃၂ စခန်းမှ မိုးရေနမူနာများ စုဆောင်းရယူခဲ့ပါသည်။ မိုးရေနမူနာတိုင်းတာရရှိခဲ့သည့် စခန်း ၃၂ စခန်းတို့မှ ရွာသွန်းခဲ့သောမိုးရေများ၏ pH တန်ဖိုးများသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)မှစံသတ်မှတ်ထားသည့် သောက်သုံးရေအတွက် pH တန်ဖိုးနှင့် ကျန်းမာရေးဝန်ကြီးဌာနမှစံသတ်မှတ်ထားသည့် သောက်သုံးရေအတွက် pH တန်ဖိုး 6.5 – 8.5 အတွင်းတွင်ရှိကြောင်း တိုင်းတာရရှိခဲ့ပါသည်။(ပုံ-၂)


မိုးရေ၏ pH တန်ဖိုးသည် 5.6 အောက်ရောက်ရှိမှသာ အက်စစ်ဂုဏ်သတ္တိရှိသောကြောင့် ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလအတွင်း မိုးရေနမူနာတိုင်းတာရရှိခဲ့သည့် စခန်း ၃၂ စခန်းတို့၌ ရွာသွန်းခဲ့သောမိုးရေများတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေမရှိကြောင်း တွေ့ရှိရပါသည်။

(မိုး/ဇလ)

ပုံ(၁)၊ မိုးရေနမူနာတိုင်းတာသည့် စခန်းများပြပုံ




ပုံ(၂)၊ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလအတွင်း ရွာသွန်းခဲ့သော မိုးရေ၏ pH တန်ဖိုးများပြပုံ




## ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလအတွင်း ရွာသွန်းခဲ့သော မိုးရေနမူနာများ၏ pH တန်ဖိုးများ

| စဉ် | စခန်းအမည် | pH |
|---|---|---|
| ၁ | မန္တလေး (ချမ်းအေးသာစံ) | ၇.၀ |
| ၂ | မန္တလေး (ချမ်းမြသာစည်) | ၇.၁ |
| ၃ | ပူတာအို | ၇.၂ |
| ၄ | ခန္တီး | ၆.၉ |
| ၅ | တောင်ကြီး | ၇.၂ |
| ၆ | မိုင်းဆတ် | ၇.၀ |
| ၇ | ကျိုင်းတုံ | ၇.၀ |
| ၈ | စစ်ကိုင်း | ၆.၈ |
| ၉ | ညောင်ဦး | ၆.၉ |
| ၁၀ | မုံရွာ | ၆.၉ |
| ၁၁ | ပျဉ်းမနား | ၆.၈ |
| ၁၂ | ပြင်ဦးလွင် | ၆.၉ |
| ၁၃ | ကလေးဝ | ၇.၁ |
| ၁၄ | ရန်ကုန် (ကမ္ဘာအေး) | ၇.၀ |
| ၁၅ | မှော်ဘီ | ၆.၈ |
| ၁၆ | မကွေး | ၇.၀ |
| ၁၇ | အောင်လံ | ၆.၉ |
| ၁၈ | စစ်တွေ | ၆.၈ |
| ၁၉ | ကျောက်ဖြူ | ၆.၅ |
| ၂၀ | ပြည် | ၆.၈ |
| ၂၁ | ပဲခူး | ၇.၁ |
| ၂၂ | တောင်ငူ | ၆.၇ |
| ၂၃ | ပုသိမ် | ၆.၅ |
| ၂၄ | မအူပင် | ၆.၆ |
| ၂၅ | ဟသ်ာတ | ၆.၇ |
| ၂၆ | မော်လမြိုင် | ၆.၅ |
| ၂၇ | ဘီးလင်း | ၆.၇ |
| ၂၈ | ဘားအံ | ၆.၉ |
| ၂၉ | ကော့ကရိတ် | ၆.၅ |
| ၃၀ | ထားဝယ် | ၆.၅ |
| ၃၁ | မြိတ် | ၆.၆ |
| ၃၂ | ကော့သောင်း | ၆.၅ |

# ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကြီးဖွင့်ပွဲအခမ်းအနားတွင် တက်ကြွစွာပါဝင်လှုပ်ရှားသူများ၏စကားသံများ

နေပြည်တော်  ဒီဇင်ဘာ  ၉

**ယနေ့ညနေတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကြီးဖွင့်ပွဲအခမ်းအနားကို နိုင်ငံတော်အဆင့်နှင့်အညီ ခမ်းနားထည်ဝါစွာကျင်းပခဲ့ရာ အဆိုပါဖွင့်ပွဲအခမ်းအနားတွင် တက်ကြွစွာပါဝင်လှုပ်ရှားကြသည့် နိုင်ငံ့ဂုဏ်ဆောင်မြန်မာ့လက်ရွေးစင်အားကစားသမားကြီးများနှင့် ပါဝင်ယှဉ်ပြိုင်ကြမည့် အားကစားသမား၊ အကနည်းပြအုပ်ချုပ်သူ၊ အကပဒေသာတွင် ပါဝင်ကပြသည့်သူများ၏ ဂုဏ်ယူဝမ်းသာပီတိစကားသံများကို စုစည်းဖော်ပြလိုက်ရပါသည်-**



ဗိုလ်ကြီး ဝဏ္ဏကျော်ထင်တင်အောင်



ဝဏ္ဏကျော်ထင် ဒေါ်ခိုင်ခိုင်မော်



မောင်ညာဏ်ပိုင်ထွန်း

**ဗိုလ်ကြီး ဝဏ္ဏကျော်ထင်တင်အောင် (ငြိမ်း) (နိုင်ငံ့ဂုဏ်ဆောင် မြန်မာ့လက်ရွေးစင်ဂိုးသမား)**

ကျွန်တော့်ကို ဘောလုံးလောကမှာတော့ ဂိုးတင်အောင်လို့ခေါ်ကြပါတယ်။ အသက် ၈၃ နှစ်ရှိပါပြီ။ ကျွန်တော်က ၁၉၆၃ ခုနှစ်ကတည်းက မြန်မာ့လက်ရွေးစင်ဖြစ်တယ်။ နိုင်ငံတကာဘောလုံးပြိုင်ပွဲတွေမှာ ဝင်ပြိုင်ခဲ့တယ်။ အထူးသဖြင့် အာရှအားကစားပွဲတော် (၁၉၆၆) နဲ့ အာရှအားကစားပွဲတော်(၁၉၇၀)တွေမှာ ကျွန်တော်တို့ မြန်မာဘောလုံးအသင်းက ရွှေတံဆိပ်တစ်ခုရပါတယ်။ နောက်ထပ် ၁၉၆၅ ခုနှစ်၊ ၁၉၆၇ ခုနှစ်၊ ၁၉၆၉ ခုနှစ်၊ ၁၉၇၁ ခုနှစ်၊ ၁၉၇၃ ခုနှစ်တွေမှာ ဆက်တိုက်ငါးကြိမ်ဘောလုံးပြိုင်ပွဲတွေမှာ ရွှေတံဆိပ်ဆုရခဲ့ပါတယ်။ ကျန်တဲ့ မာဒေးကားဖလားတို့၊ ပတ်ချုံဟီးဖလားတို့၊ ဂျကာတာဖလားတို့ ဖိတ်ခေါ်ပြိုင်ပွဲတွေမှာ စုစုပေါင်း ရွှေတံဆိပ် ခုနစ်ခုနဲ့ စုစုပေါင်း ဆု ၁၅ ခု၊ ၁၆ ခုလောက်ရခဲ့ပါတယ်။ အမျိုးသားအားကစားပွဲတော်မှာ ပထမဆုံးအကြိမ်ကစပြီး သုဝဏ္ဏဘောလုံးကွင်းမှာ မီးရှူးတိုင်သယ်ဆောင်ခဲ့ပါတယ်။ စတုတ္ထအကြိမ်မှာတော့ အခုလို အားကစားအလံသယ်ဆောင်ခဲ့ပါတယ်။ အခုနဲ့ဆို စုစုပေါင်းသုံးကြိမ်ရှိပါပြီ။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရလက်ထက်မှာ ဒီလိုပွဲမျိုးကျင်းပပေးတာဟာ တစ်တိုင်းပြည်လုံးမှာရှိတဲ့ အားကစားလူရည်ချွန်တွေကို ဖော်ထုတ်တဲ့ပွဲဖြစ်တဲ့အတွက်ကြောင့် အနာဂတ်အတွက် မြန်မာ့ အားကစားလောကအတွက် တကယ့်အုတ်မြစ်ပါပဲ။ ဒီလိုပွဲမျိုးကို နှစ်စဉ်ကျင်းပပေးနိုင်မယ်ဆိုရင် တစ်နှစ်ကို လေးငါးဆယ်ယောက်လောက် မွေးထုတ်ပေးနိုင်ပြီး တိုင်းပြည်အတွက် တကယ့်ကိုအကျိုးရှိမယ်လို့ ကျွန်တော်ထင်ပါတယ်။ ဒီလိုပွဲမျိုးက လုပ်သင့်ပါတယ်။ ပြိုင်ပွဲဝင် မျိုးဆက်သစ်အားကစားသမားလေးတွေကို ပြောချင်တာကတော့ ကိုယ့်ကိုယ်ကိုယ် ကျန်းမာသန်စွမ်းအောင်နေပါ။ ချမှတ်ထားတဲ့ စည်းမျဉ်းစည်းကမ်းနဲ့အညီ ကြိုးစားယှဉ်ပြိုင်ပြီးတော့ စံချိန်စံညွှန်းတွေကောင်းအောင် ကြိုးစားကြပါလို့ပြောချင်ပါတယ်။

**ဝဏ္ဏကျော်ထင်ဒေါ်ခိုင်ခိုင်မော် (နိုင်ငံ့ဂုဏ်ဆောင်မြန်မာ့လက်ရွေးစင် ဝူရှူးမယ်)**

ကျွန်မကတော့ ဝူရှူးအားကစားနည်းမှာ ၁၉၉၇ ခုနှစ်ကနေ ၂၀၀၄ ခုနှစ်အထိ မြန်မာ့လက်ရွေးစင်အဖြစ် ကစားခဲ့ပါတယ်။ ပြိုင်ပွဲပေါင်းများစွာယှဉ်ပြိုင်ခဲ့ပြီး စုစုပေါင်းရွှေတံဆိပ်ကိုးခု၊ ငွေတံဆိပ် ၁၁ ခု၊ ကြေးတံဆိပ်တစ်ခုရရှိခဲ့ပါတယ်။ Sea Game မှာက သုံးဆုရတယ်၊ Asian Game မှာတော့ တစ်ဆုရထားပါတယ်။ အခုလို ပဉ္စမအကြိမ်အမျိုးသားအားကစားပွဲတော်မှာ နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားတစ်ဦးအနေနဲ့ မီးရှူးတိုင်ကို လက်ဆင့်ကမ်းသယ်ဆောင်ခွင့်ရတဲ့အတွက်ဝမ်းသာဂုဏ်ယူမိပါတယ်။ မျိုးဆက်သစ်လူငယ်အားကစားသမားလေးတွေကိုပြောချင်တာကတော့ ဘယ်အားကစားကိုလုပ်နေသည်ဖြစ်စေ ကောင်းမွန်တဲ့အလုပ်တစ်ခုကိုလုပ်နေတာဖြစ်လို့ ကိုယ့်ကိုယ်ကိုယ် ဂုဏ်ယူရမယ်။ ကိုယ့်ကိုယ်ကိုယ်တန်ဖိုးထားရပါမယ်။ အဲဒီကနေတစ်ဆင့် ကိုယ့်ရဲ့ အရည်အချင်းကိုမြှင့်တင်ပြီးတော့ ရလာတဲ့အခွင့်အရေးကို အမိအရအသုံးချပြီး အောင်မြင်မှုတွေကိုရယူနိုင်အောင်ကြိုးစားကြဖို့ တိုက်တွန်းပြောကြားလိုပါတယ်။

**မောင်ညာဏ်ပိုင်ထွန်း ပြိုင်ပွဲဝင် (ဘတ်စကက်ဘောကစားသမား)၊ ပဲခူးတိုင်းဒေသကြီးကိုယ်စားပြု**

ကျွန်တော်က ပဲခူးတိုင်းဒေသကြီး ကိုယ်စားပြု ပြိုင်ပွဲဝင်ဘတ်စကက်ဘောကစားသမား ညာဏ်ပိုင်ထွန်းဖြစ်ပါတယ်။ ကျွန်တော်တို့အားကစားအဖွဲ့မှာအဖွဲ့ဝင်ပေါင်း ၁၂ ယောက်နဲ့ အုပ်ချုပ်သူလေးယောက်ပါဝင်ပါတယ်။ Line up ကစားတာက ငါးယောက်ဝင်ကစားမှာဖြစ်ပါတယ်။ ပဉ္စမအကြိမ်မြောက်အမျိုးသားအားကစားပြိုင်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်ဖို့ နှစ်လခန့် လေ့ကျင့်ကြိုးစားထားပါတယ်။ ကျွန်တော်တို့အဖွဲ့က မနက်နဲ့ညနေမှာ သေချာလေ့ကျင့်ကစားထားပါတယ်။ ဆုရရှိဖို့လည်းရည်မှန်းထားပါတယ်။ အမျိုးသားအားကစားပွဲတော်ကြီး ယှဉ်ပြိုင်ကစားတဲ့ပြိုင်ပွဲထဲမှာ ထူးချွန်တဲ့ကစားသမားတွေထွက်ပေါ်လာပြီး နိုင်ငံတကာမှာ နိုင်ငံ့ဂုဏ်ဆောင်တဲ့ကစားသမားများထွက်ပေါ်လာမှာဖြစ်ပါတယ်။ ကိုယ့်နိုင်ငံတော်အတွက် အားကစားနဲ့ဂုဏ်ယူနိုင်အောင် ပါဝင်ယှဉ်ပြိုင်ကစားကြပါလို့ တိုက်တွန်းချင်ပါတယ်ခင်ဗျာ။



ဒေါ်အေးစန္ဒာအောင်



ဒေါ်မေဘုန်းသွင်ခန့်



မဆုဝတီဇော်

**ဒေါ်အေးစန္ဒာအောင် ဒုတိယပါမောက္ခချုပ် (အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး))အနုပညာအဖွဲ့ခေါင်းဆောင်**

ကျွန်မက ဒုတိယပါမောက္ခချုပ် (အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်) မန္တလေးက အနုပညာအဖွဲ့ခေါင်းဆောင် ဒေါ်အေးစန္ဒာအောင်ဖြစ်ပါတယ်။ ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကြီး ဖွင့်ပွဲအခမ်းအနားမှာ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနကနေ ခေတ်ခြောက်ခေတ်ကို ကိုယ်စားပြုတဲ့ယိမ်းအဖွဲ့နဲ့ဖျော်ဖြေတင်ဆက်မှာဖြစ်ပါတယ်။ အဲဒီအပိုင်းမှာ ကျွန်မကတော့ အနုပညာအကလေ့ကျင့်ရေးအဖွဲ့ခေါင်းဆောင်အနေနဲ့ တာဝန်ယူထားပါတယ်။ မြန်မာ့သမိုင်းတစ်လျှောက်မှာ အထင်အရှားရှိခဲ့တဲ့ ခေတ်ခြောက်ခေတ်ကို ကိုယ်စားပြုတဲ့ခေတ်တွေက ပျူခေတ်၊ ပုဂံခေတ်၊ အင်းဝခေတ်၊ ကုန်းဘောင်ခေတ်၊ ရတနာပုံခေတ်နဲ့ ယခုမျက်မှောက်ခေတ်တို့ပဲဖြစ်ပါတယ်။ အကပိုင်းမှာ တစ်ခေတ်ကို အယောက် ၅၀ နဲ့ ပါဝင်ပြီး အင်အားစုစုပေါင်း အယောက် ၃၀၀ ပါဝင်ကပြကြမှာဖြစ်ပါတယ်။ ကပြကြတဲ့ ကျောင်းသူတွေကတော့ အမျိုးသားယဉ်ကျေးမှုနဲ့အနုပညာတက္ကသိုလ်(ရန်ကုန်)၊ အမျိုးသားယဉ်ကျေးမှုနဲ့ အနုပညာတက္ကသိုလ်(မန္တလေး)၊ အနုပညာဦးစီးဌာန ထုတ်လုပ်ဌာနခွဲ(ရန်ကုန်၊ မန္တလေး၊ နေပြည်တော်)၊ အနုပညာအထက်တန်းပန်းချီကျောင်း (ရန်ကုန်၊ မန္တလေး)နဲ့ ကရင်ပြည်နယ် မြဝတီမြို့မှ ကျောင်းသူ ၂၅ ဦးတို့လည်းပါဝင်အားဖြည့်ကပြကြမှာဖြစ်ပါတယ်။ နှစ်စဉ်နှစ်တိုင်းမှာ အမျိုးသားအားကစားပွဲတော်ကြီး အမြဲကျင်းပပေးနိုင်ပါစေလို့ ဆုတောင်းပါတယ်။ ကျွန်မတို့ကလည်း နိုင်ငံ့အတွက်တစ်ထောင့်တစ်နေရာကနေ အမြဲကူညီအားဖြည့်သွားပါ့မယ်လို့ပြောချင်ပါတယ်။ ကျေးဇူးတင်ပါတယ်ရှင့်။

**ဒေါ်မေဘုန်းသွင်ခန့် (အကအလှဖျော်ဖြေသူ)**

ကျွန်မကတော့ အမျိုးသားယဉ်ကျေးမှုဌာနမှ နည်းပြရုပ်ရှင်နှင့်ပြဇာတ်ပညာဌာနက လာရောက်ကပြဖျော်ဖြေခြင်းဖြစ်ပါတယ်။ ကျွန်မတို့က မန္တလေးကနေလာရောက်တာဖြစ်ပါတယ်။ ကျွန်မကတော့ နည်းပြတစ်ယောက်ဖြစ်ပြီး ကျွန်မတို့အဖွဲ့ရဲ့ကပြဖျော်ဖြေပါဝင်သူ အယောက် ၃၀၀ ထဲမှာမှ ကျွန်မတို့အက အယောက်၅၀ ပါဝင်ကပြဖျော်ဖြေမှာဖြစ်ပါတယ်။ မြန်မာ့သမိုင်းစဉ်တစ်လျှောက်မှာ ထင်ရှားခဲ့တဲ့ ခေတ်ခြောက်ခေတ်ကိုကိုယ်စားပြုတဲ့ ယိမ်းအကတွေနဲ့ကပြကြမှာဖြစ်ပါတယ်။ ကျွန်မတို့ခေတ်ခြောက်ခေတ်ထဲက ရတနာပုံခေတ်ကိုကပြဖျော်ဖြေရမှာဖြစ်ပါတယ်။ ကျွန်မက ၂၀၁၈ ခုနှစ်တုန်းကလည်း ပါဝင်ဖျော်ဖြေခွင့်ရခဲ့ပါတယ်။ အခုလည်း ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်ကြီးမှာ ထပ်ပြီးကပြဖျော်ဖြေခွင့်ရတဲ့အတွက် အင်မတန်ဝမ်းသာဂုဏ်ယူမိပါတယ်။ နိုင်ငံတော်အတွက် တစ်ထောင့်တစ်နေရာကနေ နောက်ထပ်ပါဝင်ဖျော်ဖြေပေးချင်ပါတယ်ရှင့်။

**မဆုဝတီဇော် (ကျောင်းသူ) အကအလှဖျော်ဖြေသူ**

ကျွန်မကတော့နေပြည်တော်အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်း ဇမ္ဗူသီရိမြို့နယ်ကနေ လာရောက်ကပြဖျော်ဖြေတဲ့ ကျောင်းသူမဆုဝတီဇော်ဖြစ်ပါတယ်။ ညီမကပြဖျော်ဖြေမယ့်သီချင်းကတော့ “လှပချစ်စရာတို့ရွှေမြန်မာသီချင်း” နဲ့ ကပြဖျော်ဖြေမှာဖြစ်ပါတယ်၊ ညီမကပဉ္စမအကြိမ်အမျိုးသားအားကစားပွဲတော်ကြီးကို လာရောက်ကပြ ဖျော်ဖြေခွင့်ရတဲ့အတွက် အလွန်ပဲဝမ်းသာပါတယ်။ နိုင်ငံတော်အတွက် ကြုံတောင့်ကြုံခဲအားကစားပွဲတော်ကြီးကို လာပြီးကပြဖျော်ဖြေရတာ အလွန်အတိုင်းမသိဂုဏ်ယူမိပါတယ်။ အမျိုးသား အားကစားပွဲတော်ကြီးမှာ ပါဝင်ယှဉ်ပြိုင်ကြသူများလည်း ဆုတွေအများကြီးရကြပါစေလို့ ဆုတောင်းပေးပါတယ်။ ။

**လဲ့ရည်လှိုင်**

## ညအပူချိန်လျော့နည်းခဲ့သောစခန်းများ၏ ၉-၁၂-၂၀၂၄ ရက်နေ့ အနိမ့်ဆုံးအပူချိန်များ

| မြို့အမည် | ဒီဂရီဆဲလ်စီးယက် | ဒီဂရီဖာရင်ဟိုက် |
|---|---|---|
| ဟားခါးမြို့ | ၀.၀ | ၃၂.၀ |
| ပူတာအိုမြို့ | ၆.၃ | ၄၃.၃ |
| တီးတိန်မြို့ | ၇.၇ | ၄၅.၉ |
| ပြင်ဦးလွင်မြို့ | ၈.၃ | ၄၆.၉ |
| နမ့်စန်မြို့(ရှမ်းပြည်နယ်တောင်ပိုင်း) | ၉.၅ | ၄၉.၁ |

# ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်ဖွင့်ပွဲအခမ်းအနား မြင်ကွင်းပုံရိပ်များ



၂၀၂၄ ခုနှစ်၊ ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်ဖွင့်ပွဲအခမ်းအနားတွင် မြန်မာနိုင်ငံတော်အလံအား ပုံဖော်သရုပ်ပြမှုကိုတွေ့ရစဉ်။




လေထီးစစ်သည်များက တိုင်းဒေသကြီးနှင့်ပြည်နယ်အလံများကို ဝေဟင်ထက်မှ မြေပြင်သို့ချိတ်ဆွဲသယ်ဆောင်၍ ကွင်းအတွင်းသို့ဂုဏ်ပြုဆင်းသက်စဉ်။



၂၀၂၄ ခုနှစ်၊ ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများကိုတွေ့ရစဉ်။



မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ်မှတင်ဆက်သည့် ခြင်းအလှခတ်သူကိုတွေ့ရစဉ်။



မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့ချုပ်မှ ဂုဏ်ပြုဖျော်ဖြေတင်ဆက်မှုကိုတွေ့ရစဉ်။




သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များ၏ဖျော်ဖြေတင်ဆက်မှုကိုတွေ့ရစဉ်။




မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ်မှတင်ဆက်သည့် ခြင်းအလှခတ်သူကိုတွေ့ရစဉ်။

# ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်ဖွင့်ပွဲအခမ်းအနား မြင်ကွင်းပုံရိပ်များ



အနုပညာဦးစီးဌာနမှ အနုပညာရှင်များ၏ မြန်မာ့သမိုင်းစဉ်တစ်လျှောက် အထင်အရှားရှိခဲ့သော ခေတ် ၆ ခေတ်ကို ကိုယ်စားပြုသည့် ယိမ်းအကများဖြင့် သရုပ်ဖော်တင်ဆက်မှုကို တွေ့ရစဉ်။



အနုပညာဦးစီးဌာနမှ အနုပညာရှင်များ၏ မြန်မာ့သမိုင်းစဉ်တစ်လျှောက် အထင်အရှားရှိခဲ့သော ပျူခေတ်ကို ကိုယ်စားပြုသည့် ယိမ်းအကများဖြင့် သရုပ်ဖော်တင်ဆက်မှုကို တွေ့ရစဉ်။



အနုပညာဦးစီးဌာနမှ အနုပညာရှင်များ၏ မြန်မာ့သမိုင်းစဉ်တစ်လျှောက် အထင်အရှားရှိခဲ့သော ပုဂံခေတ်ကို ကိုယ်စားပြုသည့် ယိမ်းအကများဖြင့် သရုပ်ဖော်တင်ဆက်မှုကို တွေ့ရစဉ်။



အနုပညာဦးစီးဌာနမှ အနုပညာရှင်များ၏ မြန်မာ့သမိုင်းစဉ်တစ်လျှောက် အထင်အရှားရှိခဲ့သော အင်းဝခေတ်ကို ကိုယ်စားပြုသည့် ယိမ်းအကများဖြင့် သရုပ်ဖော်တင်ဆက်မှုကို တွေ့ရစဉ်။



အနုပညာဦးစီးဌာနမှ အနုပညာရှင်များ၏ မြန်မာ့သမိုင်းစဉ်တစ်လျှောက် အထင်အရှားရှိခဲ့သော ကုန်းဘောင်ခေတ်ကို ကိုယ်စားပြုသည့် ယိမ်းအကများဖြင့် သရုပ်ဖော်တင်ဆက်မှုကို တွေ့ရစဉ်။



အနုပညာဦးစီးဌာနမှ အနုပညာရှင်များ၏ မြန်မာ့သမိုင်းစဉ်တစ်လျှောက် အထင်အရှားရှိခဲ့သော ရတနာပုံခေတ်ကို ကိုယ်စားပြုသည့် ယိမ်းအကများဖြင့် သရုပ်ဖော်တင်ဆက်မှုကို တွေ့ရစဉ်။



အနုပညာဦးစီးဌာနမှ အနုပညာရှင်များ၏မြန်မာ့သမိုင်းစဉ်တစ်လျှောက် အထင်အရှားရှိခဲ့သော မျက်မှောက်ခေတ်မှ ယနေ့ခေတ်အထိကိုယ်စားပြုသည့် ယိမ်းအကများဖြင့် သရုပ်ဖော်တင်ဆက်မှုကို တွေ့ရစဉ်။

# တရားမဝင်စက်သုံးဆီများ၊ စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် မော်တော်ယာဉ်များဖမ်းဆီးရမိ



ကရင်ပြည်နယ်၌ ဖမ်းဆီးရမိမှု။




တနင်္သာရီတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

**နေပြည်တော် ဒီဇင်ဘာ ၉**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိရာ **ဒီဇင်ဘာလ ၆ ရက်**တွင် ရှမ်းပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မူဆယ်မြို့၊ ဆင်ဖြူဂိတ်အကျော်လမ်းဘေးတစ်နေရာ၌ စုပုံထားသော အကောက်ခွန်မဲ့ စားသောက်ကုန်ပစ္စည်း(၁)မျိုး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မကွေးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မင်းလှမြို့နယ်၊ ညောင်ပင်သာမြို့အဝင် စစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Honda Wave မော်တော်ဆိုင်ကယ် (၁)စီး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **ဒီဇင်ဘာလ ၇ ရက်**တွင် ဧရာဝတီတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြန်အောင်ခရိုင်နှင့် မြောင်းမြခရိုင်တို့အတွင်း၌ တရားမဝင်အခြားသစ် (၅ ဒသမ ၂၆၈)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၃၅၀၅၄)ကို သစ်တောဥပဒေအရလည်းကောင်း၊ ညောင်တုန်းမြို့၊ ဆင်ထုံးကျေးရွာအုပ်စု၌ တရားမဝင်ရေနံဆီ ၁၂ ပီပါ၊ ဓာတ်ဆီ (၁)ပီပါ (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၁၆၅၀၀၀)ကို ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေအရလည်းကောင်း၊ အိမ်မဲမြို့နယ်နှင့်မော်လမြိုင်ကျွန်းမြို့နယ်တို့၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ် (၂)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၃၀၀၀၅၄)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ကရင်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သံလွင်တံတားပူးပေါင်းစစ်ဆေးရေးဂိတ် (တရုတ်လှဘက်ခြမ်း)၌ မြဝတီမြို့မှ သထုံမြို့သို့ သွားရောက်မည့် မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၁၃)မျိုး၊ စားသောက်ကုန်ပစ္စည်း(၄) မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၆၂၀၀၀၀) နှင့်အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Higer Bus (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၆၆၂၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **ဒီဇင်ဘာလ ၈ ရက်**တွင် တနင်္သာရီတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကော့သောင်းမြို့၊ သူဌေးကျွန်းအနီး၊ မြန်မာ့ရေပိုင်နက်အတွင်း၌ ရေယာဉ် (၁)စင်းပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း (၁၉)မျိုး၊ လူသုံးကုန်ပစ္စည်း (၁၁)မျိုး၊ လုပ်ငန်းသုံးပစ္စည်း (၅)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၀၅၃၅၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် ဟင်္သာမင်းသစ်သားခွံရေယာဉ် (၁)စင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၃၄၉၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁၄၀၂၅၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက်၊ ၇ ရက်နှင့် ၈ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၃၃)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၉၀၃၄၅၀၅၄)**ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်ကုန်သွယ်မှုများကြောင့် အသေးစား၊ အငယ်စားနှင့်အလတ်စား ပြည်တွင်းစီးပွားရေးလုပ်ငန်းများမှ ထုတ်လုပ်သည့် ကုန်ပစ္စည်းများ ဈေးကွက်အတွင်း မျှတစွာယှဉ်ပြိုင်နိုင်မှုမရှိခြင်းနှင့် ဈေးကွက်ပျောက်ဆုံးခြင်းတို့ဖြစ်ပေါ်စေပြီး ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေးအတွက် ကြီးမားသည့် ခြိမ်းခြောက်မှုများကို ဖြစ်ပေါ်စေပါသည်။ သို့ဖြစ်၍ သက်ဆိုင်ရာ တာဝန်ရှိသူများမှ ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

(သတင်းစဉ်)

# အုတ်ဖိုမြို့နယ် ဝါးဖြူချောင်းကျေးရွာနှင့် ချောင်းစောက်ကျေးရွာတို့ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့သည်ဟု မဟုတ်မမှန်လုပ်ကြံရေးသားဝါဒဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၉**

ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့နယ်တွင် နယ်မြေလုံခြုံရေးဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဝါးဖြူချောင်းကျေးရွာနှင့် ချောင်းစောက်ကျေးရွာတို့ကို ဒီဇင်ဘာလ ၈ ရက်က မီးရှို့ဖျက်ဆီးခဲ့သည်ဟု သတင်းတု၊ သတင်းအမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်လုပ်ကြံရေးသားဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။




အဆိုပါသတင်းနှင့်ပတ်သက်၍ အုတ်ဖိုမြို့နယ်မှ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ၎င်းရက်နေ့က ဝါးဖြူချောင်းကျေးရွာနှင့် ချောင်းစောက်ကျေးရွာတို့တွင် နယ်မြေလုံခြုံရေးဆောင်ရွက်ခြင်းမရှိကြောင်း၊ အဆိုပါကျေးရွာများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့သည်ဆိုသည့် သတင်းမှာလည်း သတင်းအမှားသာဖြစ်ကြောင်း သိရှိရသည်။

တရားမဝင်ပြည်ဖျက်မီဒီယာများက နယ်မြေလုံခြုံရေးဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများ အထင်အမြင်လွဲမှားစေရန်အတွက် ယခုကဲ့သို့ သတင်းတု၊ သတင်းအမှားများဖြင့် မဟုတ်မမှန်လုပ်ကြံရေးသားပြီး ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

# လေဖိအားနည်းရပ်ဝန်း ဒီဇင်ဘာလ ၁၁ ရက်တွင် ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းသို့ရောက်ရှိနိုင်

**နေပြည်တော် ဒီဇင်ဘာ ၉**

ယနေ့ညနေ ၅ နာရီခွဲအချိန်တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အီကွေတာအနီးအိန္ဒိယသမုဒ္ဒရာအရှေ့ပိုင်းတို့တွင် ဖြစ်ပေါ်နေသောလေဖိအားနည်းရပ်ဝန်း (Low Pressure Area) သည် ဆက်လက်တည်ရှိနေသည်။ အဆိုပါလေဖိအားနည်းရပ်ဝန်းသည် အနောက်–အနောက်မြောက်ဘက်သို့ရွေ့လျားနိုင်ပြီး နောက် ၂၄ နာရီအတွင်း ပိုမိုအားကောင်းလာနိုင်ကာ ဒီဇင်ဘာလ ၁၁ ရက်နေ့တွင် ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်း (သီရိလင်္ကာနိုင်ငံကမ်းလွန်–အိန္ဒိယနိုင်ငံ၊ တမီးလ်နာဒူးကမ်းခြေ)သို့ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

(မိုး/ဇလ)




## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။




## ဓာတ်မြေဩဇာ ဖြန့်ဖြူးဈေးနှုန်းယှဉ်ပြိုင်စနစ်ဖြင့် တင်သွင်းနိုင်ရေးအတွက် ကြေညာခြင်း

၁။ ယူရီးယားမြေဩဇာ ဝယ်ယူဖြန့်ဖြူးရောင်းချရေး ဦးဆောင်ကော်မတီ၏ လမ်းညွှန်မှုဖြင့် အရည်အသွေးပြည့်ဝပြီး ဈေးနှုန်းမှန်ကန်သော ယူရီးယားနှင့် ၁၅ ပတ်လည်ကွန်ပေါင်းဓာတ်မြေဩဇာများ တင်သွင်းနိုင်ရေးအတွက် မြန်မာနိုင်ငံမြေဩဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်းအနေဖြင့် ဇန်နဝါရီလ၊ ဖေဖော်ဝါရီလနှင့် မတ်လများအတွက် အဆိုပါဓာတ်မြေဩဇာများ တင်သွင်းနိုင်ရေးကို ဖြန့်ဖြူးဈေးနှုန်းယှဉ်ပြိုင်စနစ်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ ဖြန့်ဖြူးဈေးနှုန်းယှဉ်ပြိုင်စနစ်ဖြင့် ယူရီးယားနှင့် ၁၅ ပတ်လည် ကွန်ပေါင်းဓာတ်မြေဩဇာများတင်သွင်းလိုသော အသင်းဝင်ကုမ္ပဏီများအနေဖြင့် ဦးဆောင်ကော်မတီနှင့် အသင်း၏ အောက်ပါ email များသို့ ပေးပို့၍ ၁၆-၁၂-၂၀၂၄ ရက်နေ့ထက်နောက်မကျစေဘဲ ဆက်သွယ်လျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

info@mfspea.com, vicepresident–1@mfspea.com, vicepresident–2@mfspea.com,
generalsecretary@mfspea.com, ureacommittee@gmail.com

မြန်မာနိုင်ငံ မြေဩဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်း
ဖုန်း-၀၉-၉၈၈၅၃၉၃၆၀

### ဖခင်အမည်မှန်
မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ ကင်/ညောင်ပင်သာ အ.လ.က(ခွဲ) Grade-3 မှ မောင်ဘိုဘိုနိုင်၊ Grade-6 မှ မချစ်စနိုးဦးတို့၏ဖခင် ဦးဖလေဖျံ၏အမည်မှန်မှာ ဦးဖလေပျံ ၈/တတက(နိုင်)၀၅၃၁၀၂ ဖြစ်ပါကြောင်း။ ဦးဖလေပျံ

### ဖခင်အမည်မှန်
နတ်မောက်မြို့နယ်၊ ပင်းလက်ခုပ်ပင်မူလွန် Grade-3 တွင် ပညာသင်ကြားနေသော မောင်အောင်ဖြိုးပိုင်၏ ဖခင်အမည်မှန်မှာ ဦးလွမ်းဘိုအောင် ၇/ကတခ(နိုင်)၁၂၉၀၈၈ ဖြစ်ပါကြောင်း။ ဦးလွမ်းဘိုအောင်

### ပျောက်ဆုံးကြောင်း
မဇင်ဝေဖူး(ဘ)ဦးမြင့်ဆွေ ၁၀/ခဆန(နိုင်)၁၃၃၈၉၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၉၇၀၅၁၂၉၇

### ပျောက်ဆုံးကြောင်း
မနီနီဝင်း(ဘ)ဦးဇော်ဦး ၁၀/လမန(နိုင်)၀၁၇၄၉၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၉၇၀၅၁၂၉၇

### ပျောက်ဆုံးကြောင်း
ဇာမဲဆင်တူး(ဘ)ဦးဇာမဲဆင် ၁/ပတအ(နိုင်)၁၅၅၆၅၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

### ပျောက်ဆုံးကြောင်း
ထက်အာကာ(ဘ)ဦးမြင့်အောင် ၁၄/ဒဒရ(နိုင်)၂၂၁၂၅၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

### ပျောက်ဆုံးကြောင်း
နန်းခင်သက်မူ(ဘ)ဦးခင်အေး ၃/ဘအန(နိုင်)၃၃၅၂၂၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 910002)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

## ဆောင်းဒါးရက်ကန်းနှင့်အသက်မွေးပညာသိပ္ပံ သင်တန်းသားသစ်များခေါ်ယူခြင်း

၁။ အသက်မွေးဝမ်းကျောင်းလုပ်ငန်း အထောက်အကူပြုပုံမှန်သင်တန်းများကို ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်၍ အောက်ပါသင်တန်းများသို့ တက်ရောက်လိုသူများလျှောက်ထားနိုင်ပါသည်-

| စဉ် | သင်တန်းအမည် | လက်ခံမည့်ဦးရေ |
|---|---|---|
| (က) | ချည်မျှင်နှင့်အထည်အလိပ်ဒီပလိုမာ(၁)နှစ်သင်တန်း | ၂၅ ဦး |
| (ခ) | ချည်မျှင်နှင့်အထည်အလိပ်ကျွမ်းကျင်သူ(၁)နှစ်သင်တန်း | ၂၀ ဦး |
| (ဂ) | ရိုးရာလွန်းရာကျအချိပ်(၆)လသင်တန်း | ၅ ဦး |
| (ဃ) | ရွှေချည်ထိုး၊ ငွေချည်ထိုး(၃)လသင်တန်း | ၅ ဦး |
| (င) | လက်ရက်ကန်း(၆)လသင်တန်း | ၁၀ ဦး |

၂။ သင်တန်းဝင်လျှောက်ထားသူများသည် အောက်ပါအချက်များနှင့်ပြည့်စုံရမည်-
(၁) အမှတ်စဉ်(က)သင်တန်းအတွက် အခြေခံပညာအထက်တန်းအောင်မြင်ပြီး အသက်(၁၆)နှစ်မှ (၂၅)နှစ်အတွင်းဖြစ်ရမည်။
(၂) အမှတ်စဉ်(ခ)သင်တန်းအတွက် အခြေခံပညာအလယ်တန်းအောင်မြင်ပြီး အသက်(၁၆)နှစ်မှ(၂၅)နှစ်အတွင်းဖြစ်ရမည်။
(၃) အမှတ်စဉ်(ဂ)၊ (ဃ)နှင့်(င)သင်တန်းများအတွက် အခြေခံပညာမူလတန်းအောင်မြင်ပြီး (၁၆)နှစ်မှ(၂၅)နှစ်အတွင်းဖြစ်ရမည်။
(၄) အမှတ်စဉ်(ဂ)နှင့်(ဃ)သင်တန်းအတွက် အမျိုးသမီးများကို ဦးစားပေးမည်။

၃။ အောက်ပါလိပ်စာတွင် ဆက်သွယ်လျှောက်ထားနိုင်ပါသည်။
ဆောင်းဒါးရက်ကန်းနှင့်အသက်မွေးပညာသိပ္ပံ(အမရပူရမြို့)
ဆက်သွယ်ရန်ဖုန်းနံပါတ် - ၀၂-၄၀၅၉၉၆၄၊ ၀၂-၄၀၇၀၄၂၈၊ ၀၉-၄၂၈၃၂၀၂၃၅၊ ၀၉-၄၀၂၅၇၃၉၁၈၊ ၀၉-၄၂၀၇၁၂၈၃၁
E-mail - mmsaunder@gmail.com

၄။ သင်တန်းတိုင်းအတွက် ရေ၊ မီး၊ အပြည့်အစုံ အဆောင်**(အခမဲ့)**နေထိုင်ခွင့်ရရှိမည်ဖြစ်ပြီး ပညာသင်ထောက်ပံ့ကြေးတစ်ဦးလျှင် တစ်လ ၃၀၀၀၀ိ/-ကျပ် ချီးမြှင့်ပါမည်။

၅။ ရက်ကန်းပညာရပ်ကို အမှန်တကယ်စိတ်ဝင်စားပြီး သတ်မှတ်အရည်အချင်းနှင့်ပြည့်စုံသူများအား အသက်ကန့်သတ်ချက်လျှော့ပေါ့၍ လက်ခံသွားမည်ဖြစ်ပါသည်။

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

အောင်မြေသာဇံမြို့နယ်၊ ဦးပုသ်တော်ရပ်ကွက်နေ ဒေါ်ဝင်းဝင်းခိုင်၏ သားဖြစ်သူ မောင်ကောင်းထက်အောင်(ခ)ပေါက်စီသည် မိဘ၏ဆိုဆုံးမမှုကို မနာခံဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်ပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် နောက်နောင် သူနှင့်ပတ်သက်သမျှကို ဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

မိခင်
ဒေါ်ဝင်းဝင်းခိုင်
၉/မထလ(နိုင်)၂၀၅၉၈၅

### ပျောက်ဆုံးကြောင်း
ဝင့်ဟေမာနှိဦး(ဘ)ဦးသန်းဦး ၅/ကသန(နိုင်)၀၇၉၄၁၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၃၅၉၀၈

### ဖခင်အမည်မှန်
ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ "ယာခင်းရှင်ကိုယ်ပိုင်အထက်တန်းကျောင်း"၊ G-2(A) မှ မဥမ္မာခင်၏ဖခင်အမည်မှန်မှာ ဦးဖေခင် ၁၂/သဃက(နိုင်)၂၂၅၀၄၀ ဖြစ်ပါကြောင်း။ ဦးဖေခင်

### ပျောက်ဆုံးကြောင်း
ရန်နောင်စိုး(ဘ)ဦးလှစန်း ၁၂/မဂဒ(နိုင်)၁၂၀၇၄၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၇၇၀၀၅၉၃၂

### ပျောက်ဆုံးကြောင်း
သင်းချိုမွှေး(ဘ)ဦးစိန်ထွန်း ၁၀/မဒန(နိုင်)၁၇၃၈၀၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၅၂၆၈၉၇၈

### ပျောက်ဆုံးကြောင်း
သင်းလဲ့မာ(ဘ)ဦးမြ ၈/တတက(နိုင်)၂၂၉၄၀၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 577618)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၈၆၃၂၀၅၀၃

### ပျောက်ဆုံးကြောင်း
မဇူလိုင်(ဘ)ဦးပရီးမို ၂/လကန(နိုင်)၀၉၅၇၇၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၅၁၁၁၅၉၀၀

### ပျောက်ဆုံးကြောင်း
ဇင်မှူးသန့်(ဘ)ဦးဇေနောင်ထွန်း ၁၂/အစန(နိုင်)၂၄၅၈၃၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 694511)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ဖခင်အမည်မှန်
ပဲခူးမြို့၊ အထက(၃)၊ Grade-8(B) မှ မောင်ဝင်းလှိုင်ဦး၏ဖခင်အမည်မှန်မှာ ဦးအောင်ကိုဦး ၇/ပခန(နိုင်)၃၀၁၇၇၈ ဖြစ်ပါကြောင်း။
ဦးအောင်ကိုဦး

### ပျောက်ဆုံးကြောင်း
နေမျိုးအောင်(ဘ)ဦးခင်မောင်ဌေး ၈/အလန(နိုင်)၁၁၆၀၆၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၈၉၄၄၄၂၂၂

### ပျောက်ဆုံးကြောင်း
ထက်ဖြိုးဝေ(ဘ)ဦးမောင်မောင်ကြီး ၁၂/ဒဂမ(နိုင်)၀၂၁၅၆၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 730064)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း
လဲ့လဲ့ဝင်း(ဘ)ဦးမိုးမောင် ၁၂/သဃက(နိုင်)၀၉၅၉၆၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း
ရဲမာန်ဦး(ဘ)ဦးသူရမျိုးဝင်းအောင် ၁၂/သကတ(နိုင်)၂၁၂၁၉၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း
မြင့်မိုရ်(ဘ)ဦးလှဌေး ၇/ပမန(နိုင်)၂၆၈၈၁၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း
မြင့်ဇော်ဦး(ဘ)ဦးဘိုအေး ၉/တသန(နိုင်)၂၃၁၉၆၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း
ပြည့်ပြည့်ဝင်း(ဘ)ဦးဇော်ဇော်အောင် ၁၂/တကန(နိုင်)၁၇၉၀၉၁ ကိုင်ဆောင်သူ၏နိုင်ငံကူးလက်မှတ်အမှတ်(MD 756116)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၆၁၅၀၅၃၄၁

### ပျောက်ဆုံးကြောင်း
ခင်စိုးလွင်(ဘ)ဦးသန်းလွင် ၇/ပခန(နိုင်)၁၇၄၄၅၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M429615)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၀၇၃၁၈၆၉

### ပျောက်ဆုံးကြောင်း
ပြည့်ပြည့်ဖြိုး(ဘ)ဦးအေးလွင် ၈/အလန(နိုင်)၁၉၄၀၉၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၀၂၁၅၁၇၆

### ပျောက်ဆုံးကြောင်း
တင်ဇာဝင်း(ဘ)ဦးတင်စိုး ၇/ကတခ(နိုင်)၀၉၀၂၃၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၁၁၂၈၄၆၀

### ပျောက်ဆုံးကြောင်း
မြဝတီမြို့၊ အမှတ်(၄)ရပ်ကွက်၊ ဇော်ဂျီ(၄)လမ်းနေ နေထက်စိုး(ဘ)ဦးရန်ဆောင်ယူ ၁၃/တကန(နိုင်)၃၃၄၇၃၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 159116)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၈၁၁၁၁၇၁

### ပျောက်ဆုံးကြောင်း
မကွေးတိုင်းဒေသကြီး၊ ဆင်ပေါင်ဝဲမြို့နေ မဖူးပြည့်စုံ(ဘ)ဦးကျော်ဌေး ၈/ဆပဝ(နိုင်)၁၂၃၁၉၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၅၆၉၃၆၁၆၉

### ပျောက်ဆုံးကြောင်း
သိန်းထိုက်(ဘ)ဦးမောင်မောင်စိန် ၇/တငန(နိုင်)၀၇၁၅၇၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 755110)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၂၅၇၇၂၉၄

### ပျောက်ဆုံးကြောင်း
အေးမင်းဦး(ဘ)ဟူနွတ်(ခ)တင်အောင် ၁၂/တမန(နိုင်)၀၉၆၇၇၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 232061)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၁၁၀၆၈၅

### ပျောက်ဆုံးကြောင်း
ကျော်သူမျိုးဦး(ဘ)ဦးသန်းဦး ၁၂/ရပသ(နိုင်)၀၄၂၅၃၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၆၉၉၀၉၇၇၁

### ပျောက်ဆုံးကြောင်း
စန္ဒာထွန်း(ဘ)ဦးမြင့်နိုင် ၁၄/မမက(နိုင်)၃၀၄၇၂၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 911334)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၈၇၈၆၄၇၄၆

### တစ်ဦးတည်းဖြစ်ပါကြောင်း
ညောင်လေးပင်မြို့နယ်၊ အမက(လွန်)ချုံအင်းကျောင်းမှ အထွေထွေလုပ်သား ဦးစောကလိုစေး ၇/ညလပ(နိုင်)၀၄၆၁၅၅ ၏ဖခင် ဦးဒေါင်းနှင့် ဦးစောဒေါင်းမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
ဦးဒေါင်း(ခ)ဦးစောဒေါင်း

### ပျောက်ဆုံးကြောင်း
ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၃)ရပ်ကွက်၊ သံလွင်လမ်း၊ အမှတ်(၄၉/က)နေ စိုင်းဆိုင်နော်မှိုင်း(ဘ)ဦးစိုင်းစိုးသိန်း ၁၃/တကန(နိုင်)၂၀၀၁၉၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၅၀၆၂၅၁၉

### ပျောက်ဆုံးကြောင်း
ဟန်သီထွန်း(ဘ)ဦးမောင်ရွှေ ၁၂/တမန(နိုင်)၀၉၈၇၅၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၅၀၄၃၉၄၉

### ပျောက်ဆုံးကြောင်း
နွယ်နီမြင့်(ဘ)ဦးကျော်ဇေ ၁၀/သထန(နိုင်)၀၇၀၀၈၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 492868)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၈၉၈၂၃၀၉၀

### ပျောက်ဆုံးကြောင်း
ညိမ်းထွန်း(ဘ)ဦးမောင်ရွှေ ၁၀/သဖရ(နိုင်)၀၉၃၉၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၀၀၂၉၈၂၅

### ပျောက်ဆုံးကြောင်း
ငွေအောင်(ဘ)ဦးရှင်တိုင်း ၁/ဟပန(နိုင်)၀၀၉၅၃၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၃၆၇၆၈၆၉

### ပျောက်ဆုံးကြောင်း
ဖြိုးကျော်(ဘ)ဦးအောင်မြင့်စိုး ၁၂/မရက(နိုင်)၁၃၈၆၅၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၀၅၆၀၉၈

### ပျောက်ဆုံးကြောင်း
ကျောက်ကြီးမြို့နေ မြမြအေး(ဘ)ဦးတင်ဝင်း ၇/ကကန(နိုင်)၀၉၁၄၂၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း
ညောင်လေးပင်မြို့၊ အောင်းကြီးရွာနေ နန်းချယ်ရီအောင်(ဘ)ဦးကြည်မောင် ၇/ညလပ(နိုင်)၁၉၇၀၂၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၅၆၉၃၆၁၆၉

### ပျောက်ဆုံးကြောင်း
မော်လမြိုင်ကျွန်းမြို့၊ (၉)ရပ်ကွက်၊ ဇီဇဝါလမ်း၊ အမှတ်(၂၈)နေ ခင်ဇာနီ(ဘ)ဦးချစ်ဟန် ၁၄/မမက(နိုင်)၁၆၆၈၂၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း
ဘိုကလေးမြို့၊ ကွမ်းသီးချောင်းကျေးရွာနေ ကျော်ဇင်ဦး(ဘ)ဦးစိုးအောင် ၁၄/ဘကလ(နိုင်)၃၆၉၅၈၂ ကိုင်ဆောင်သူ၏နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

❖ **ပညာရေးအခြေခံမကောင်းပါက မိမိအတွက်သော်လည်းကောင်း၊ မိမိဘဝ၊ မိမိမိသားစုဘဝနှင့် မိမိပတ်ဝန်းကျင်၊ တိုင်းပြည်နှင့်လူမျိုးကို ဖွံ့ဖြိုးတိုးတက်အောင်လုပ်ရန်မဖြစ်နိုင် . . .**

❖ **ထို့ကြောင့် အခြေခံပညာကဏ္ဍတွင် လူငယ်လူရွယ်အားလုံး၊ ကျောင်းနေရမည့်အရွယ်အားလုံး ကျောင်းနေနိုင်ရေးနှင့် ပညာကိုဆုံးခန်းတိုင်သင်ယူနိုင်ရေးသည် အလွန်အရေးကြီး . . .**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဧပြီလ ၂၆ ရက်နေ့တွင်ပြုလုပ်သော ၂၀၂၃-၂၀၂၄ ပညာသင်နှစ် လူရည်ချွန်မောင်မယ်များအား တွေ့ဆုံသြဝါဒစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**


(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# အပြည်ပြည်ဆိုင်ရာအဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြား

စာ - ၆ သို့



၂၀၂၄ ခုနှစ်၊ ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်ဖွင့်ပွဲအခမ်းအနားကျင်းပစဉ်။

# နိုင်ငံတကာပြိုင်ပွဲများတွင် မြန်မာ့အလံကို တိုင်ထိပ်ရောက်အောင်လွှင့်ထူနိုင်စွမ်းရှိသည့် အားကစားအောင်မြင်မှုများသည် နိုင်ငံ့ဂုဏ်သိက္ခာကိုအလွန်မြင့်မားစေပြီး နိုင်ငံ၏အဆင့်အတန်းကိုမြှင့်တင်ပေးခြင်းဖြစ်သည့်အတွက် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေးကို နိုင်ငံသားတိုင်းကဝိုင်းဝန်းပူးပေါင်းဆောင်ရွက်

★ **ရှေ့ဖုံးမှအဆက်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဒွေးနှင့်ဇနီး၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့်ဇနီး၊ ကောင်စီအဖွဲ့ဝင်များနှင့်ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့်ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ အိုလံပစ်ကော်မတီဝင်များ၊ မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များမှ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ အထူးဖိတ်ကြားထားသည့်ဧည့်သည်တော်များ၊ အနုပညာရှင်များ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ပြိုင်ပွဲဝင်အားကစားအသင်းများမှအုပ်ချုပ်သူများ၊ နည်းပြများနှင့်အားကစားသမားများ၊ တပ်မတော်သားများ၊ ဝန်ကြီးဌာနအသီးသီးမှဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများ၊ အားကစားဝါသနာရှင်ပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့က ၂၀၂၄ ခုနှစ်၊ ပဉ္စမအကြိမ်မြောက် **စာမျက်နှာ ၁၆ ကော်လံ ၁** ★